# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၃ ရက်၊ ၂၀၁၂ ခုနှစ်၊ မေ ၈ ရက်၊ အင်္ဂါနေ့၊ အတွဲ (၅၁)၊ အမှတ် (၂၁၆)


### စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

✻ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ နိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

✻ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

# ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းအား အစ္စရေးနိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

**နေပြည်တော် မေ ၇**

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အစ္စရေးနိုင်ငံ သံအမတ်ကြီး H.E. Mr. Yaron Mayer သည် ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာ၌ မြန်မာနိုင်ငံ၏ ရုပ်မြင်သံကြားထုတ်လွှင့်မှုလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများ၊ သတင်းအချက်အလက်နှင့် နည်းပညာကဏ္ဍများတွင် ပံ့ပိုးဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ၊ ၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ပြိုင်ပွဲသတင်းများ ရိုက်ကူးထုတ်လွှင့်ခြင်းဆိုင်ရာကိစ္စများနှင့် မီဒီယာကဏ္ဍဆိုင်ရာကိစ္စများကို ညှိနှိုင်းဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သည့်အဖွဲ့နှင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် သတင်းများ ရိုက်ကူးထုတ်လွှင့်ခြင်းနှင့် မီဒီယာကဏ္ဍဆိုင်ရာများကို အသေးစိတ် ထပ်မံညှိနှိုင်းဆွေးနွေးကြကြောင်း သိရှိရသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဇော်မင်းဦးနှင့် တာဝန်ရှိသူများ၊ အစ္စရေးနိုင်ငံ သံအမတ်ကြီးနှင့်အတူ မြန်မာ-အစ္စရေး စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအသင်း(MIBA)ဥက္ကဋ္ဌ Mr. Doron Landau နှင့် စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

### လာရောက်တွေ့ဆုံ



ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အစ္စရေးနိုင်ငံ သံအမတ်ကြီး H.E. Mr. Yaron Mayer လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

# မြန်မာနိုင်ငံအနှံ့ မိုဘိုင်းတယ်လီဖုန်းများ လွယ်ကူချောမွေ့စွာ အသုံးပြုနိုင်အောင်ဆောင်ရွက်ခဲ့

## ပြည်သူများသို့ မိုဘိုင်းတယ်လီဖုန်းများအား ယခင်ကထက် ဈေးနှုန်းလျှော့ချရောင်းချပေးနိုင်

**နေပြည်တော် မေ ၇**

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းများ ဆောင်ရွက်ကြရာ၌ တွေ့ကြုံရသည့် ကန့်သတ်ချက်များအနက် နည်းပညာကဏ္ဍတွင် ကျွမ်းကျင်ပညာရှင်များ လိုအပ်ချက် လွန်စွာမြင့်မားကြောင်း၊ ယခုသင်တန်းများမှာ ယင်းကန့်သတ်ချက်အားကျော်လွှားနိုင်ရန် အဓိကအထောက်အကူပြုမည်ဖြစ်ကြောင်း၊ ပြောင်းလဲလာသော ခေတ်နှင့်အညီ ပိုမိုကောင်းမွန်၍ ပွင့်လင်းမြင်သာမှုရှိသော စနစ်များဖြစ်သည့် ဤသင်တန်းနှစ်ခုအား သင်တန်းသားသင်တန်းသူများအနေဖြင့် ကြိုးစားသင်ယူ လေ့လာသွားကြစေလိုကြောင်းဖြင့် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးခန်းမ၌ ကျင်းပသည့် E-Government Promotion Training Course နှင့် E-mail and Internet Course သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းက ပြောကြားခဲ့သည်။

E-Government Promotion Training Course နှင့် E-mail and Internet Course သင်တန်းများကို သင်တန်းကာလ လေးပတ်စီဖြင့် သင်ကြားပို့ချသွားမည်ဖြစ်ပြီး ဝန်ကြီးဌာနအသီးသီးမှ သင်တန်းသား သင်တန်းသူ ၇၂ ဦး တက်ရောက်ကြသည်။



**ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်း GSM/UMTS မိုဘိုင်းတယ်လီဖုန်း တိုးချဲ့တပ်ဆင်ခြင်း စီမံကိန်းလုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် GSM/UMTS မိုဘိုင်းတယ်လီဖုန်း တိုးချဲ့တပ်ဆင်ခြင်း စီမံကိန်းလုပ်ငန်း ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကား ပြောကြားရာတွင် GSM/UMTS မိုဘိုင်းတယ်လီဖုန်း စီမံကိန်းကို မြန်မာနိုင်ငံအနှံ့ တိုင်းဒေသကြီး/ ပြည်နယ်များအားလုံးရှိ ပြည်သူများ မိုဘိုင်းတယ်လီဖုန်းများအား လွယ်ကူချောမွေ့စွာ အသုံးပြုနိုင်စေရန်၊ ဒေသအသီးသီးတွင် တယ်လီဖုန်း အသုံးပြုမှု အချိုးကျတက်လာစေရန်နှင့် ဒေသအသီးသီး၏ ဖွံ့ဖြိုးမှုအတွက် ရည်ရွယ်ပြီး စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုဆိုလျှင် GSM/UMTS မိုဘိုင်းတယ်လီဖုန်းစီမံကိန်း ပထမနှစ်၏ ပထမဆင့်လုပ်ငန်းများကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် ပုဂ္ဂလိကကုမ္ပဏီများ ပူးပေါင်းပြီး အောင်မြင်စွာ ဆောင်ရွက်ပြီးစီးခဲ့သည့်အတွက် ပြည်သူများသို့ မိုဘိုင်းတယ်လီဖုန်းများအား ယခင်ကထက် ဈေးနှုန်းလျှော့ချ၍ ရောင်းချပေးနိုင်ခဲ့ပြီဖြစ်ကြောင်း၊ စီမံကိန်း ကျန်အဆင့်များကို ဆက်လက်ဆောင်ရွက်ကြရာတွင်လည်း စီမံကိန်းကုန်ကျစရိတ်များအား သေချာစိစစ်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ယနေ့အစည်းအဝေးတွင် တိုင်းဒေသကြီး/ ပြည်နယ်များမှ မန်နေဂျာများနှင့် စီမံကိန်းလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်နေသည့် ကုမ္ပဏီများမှ တာဝန်ရှိသူများအနေဖြင့် မိမိတို့ဒေသအတွင်းရှိ အခြေအနေများကို သိရှိနားလည်သည့်အလျောက် စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြရန်ရှိသည်များကို ကျေကျေလည်လည် ဆွေးနွေး သွားကြစေလိုကြောင်း၊ မိုဘိုင်းတယ်လီဖုန်းများ တပ်ဆင်ပေးရာတွင် နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ လွယ်ကူမြန်ဆန်စွာ ဆောင်ရွက်ပေးသွားကြရန် လိုအပ်ကြောင်းတို့ကို ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း အာရှဖွံ့ဖြိုးရေးဘဏ် နှစ်ပတ်လည်အစည်းအဝေးတက်ရောက်
# မြန်မာနိုင်ငံနှင့်အေဒီဘီတို့အကြား ရှေ့ဆက်လက် ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

## တက်ရောက်

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း (၁၅)ကြိမ်မြောက် အာဆီယံ+၃ ဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်စဉ်။ (သတင်းစဉ်)



**နေပြည်တော် မေ ၇**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ကျင်းပသည့် (၄၅)ကြိမ်မြောက် အာရှဖွံ့ဖြိုးရေးဘဏ် နှစ်ပတ်လည်အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ၊ အေဒီဘီ နှစ်ပတ်လည်အစည်းအဝေး မတိုင်မီကျင်းပသည့် (၁၅)ကြိမ်မြောက် အာဆီယံ+၃ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများ အစည်းအဝေး (15th ASEAN + 3 Finance Ministers and Central Bank Governors' Meeting)များသို့ တက်ရောက်ခဲ့သည်။

မေ ၄ ရက် နံနက် ၁၀ နာရီခွဲတွင် ဖိလစ်ပိုင်အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ Plenary Hall ၌ (၄၅)ကြိမ်မြောက် အာရှဖွံ့ဖြိုးရေးဘဏ် နှစ်ပတ်လည်အစည်းအဝေးဖွင့်ပွဲ ကျင်းပရာ အေဒီဘီဥက္ကဋ္ဌ Mr. Haruhiko Kuroda က အဖွင့်အမှာစကားပြောကြားပြီး အထူးဧည့်သည်တော်ဖြစ်သူ ဖိလစ်ပိုင်သမ္မတ မစ္စတာ ဘီနင်နိုအကွီနို က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် အဖွဲ့ဝင်နိုင်ငံများ၏ ဂါဗာနာများက မိန့်ခွန်းပြောကြားကြပြီး အစည်းအဝေးကျင်းပရေး ကော်မတီက ၂၀၁၁ ခုနှစ်အတွက် နှစ်စဉ် အစီရင်ခံစာ၊ ငွေရေးကြေးရေးရှင်းတမ်း၊ အသားတင်ဝင်ငွေခွဲဝေသုံးစွဲမှု၊ ၂၀၁၂ခုနှစ်အတွက်လျာထားသည့် ဘတ်ဂျက်နှင့် ဥပဒေ၊ နည်းဥပဒေများ ပြင်ဆင်ချက်များကိုတင်ပြရာ ဂါဗာနာများက အတည်ပြုခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းသည် မေ ၃ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် Diamond Hotel ၌ ကျင်းပသည့် (၁၅)ကြိမ်မြောက် အာဆီယံ+၃ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများ အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် သဘာပတိများဖြစ်သော ကမ္ဘောဒီးယားနိုင်ငံနှင့်ကိုရီးယားသမ္မတနိုင်ငံတို့က အဖွင့်အမှာစကားပြောကြားပြီး အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ Mr.Haruhiko Kuroda နှင့် အာဆီယံ+၃ မက်ခရို စီးပွားရေးသုတေသနရုံး ညွှန်ကြားရေးမှူး Mr. Benhua Wei တို့က ဒေသတွင်းစီးပွားရေး အလားအလာများနှင့် မူဝါဒရေးရာ စိန်ခေါ်မှုများကိုတင်ပြရာ ကိုရီးယား၊ ဂျပန်၊ တရုတ်နှင့် အာဆီယံနိုင်ငံများမှ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများက အေဒီဘီဥက္ကဋ္ဌ၏တင်ပြချက်အပေါ်လည်းကောင်း၊ မိမိတို့နိုင်ငံများတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လတ်တလောမူဝါဒရေးရာ စီမံခန့်ခွဲမှုများနှင့် ကမ္ဘာ့စီးပွားရေးတွင်ဖြစ်ပေါ်နိုင်သော ဆုံးရှုံးနိုင်ခြေများအား လျှော့ချနိုင်မည့် နည်းလမ်းများနှင့် မူဝါဒများကိုလည်းကောင်း ဆွေးနွေး အမြင်ချင်းဖလှယ်ခဲ့ကြသည်။

ထို့နောက် အာဆီယံ+၃ ဘဏ္ဍာရေးနှင့်ဗဟိုဘဏ် ဒုတိယအကြီးအကဲများအစည်းအဝေး၏ ပူးတွဲသဘာပတိများက အာဆီယံ+၃ ငွေရေးကြေးရေး ပူးပေါင်းဆောင်ရွက်မှု (ASEAN + 3 Financial Cooperation) အရ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များ၏ လုပ်ငန်းတိုးတက်မှုအခြေအနေများကိုတင်ပြကြရာ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများက ဆွေးနွေးကြပြီး ရှေ့ဆက်လက်ဆောင်ရွက်ရမည့် ကိစ္စရပ်များအပေါ် လမ်းညွှန်မှုပြုခဲ့ကြသည်။

ဆက်လက်၍ အခြေခံအဆောက်အအုံဆိုင်ရာ ဘဏ္ဍာငွေဖြည့်ဆည်းခြင်း၊ သဘာဝဘေးအန္တရာယ် ဆုံးရှုံးနိုင်ခြေများအား အာမခံပေးခြင်းနှင့် ဒေသတွင်း ကုန်သွယ်ရာတွင် ပေးချေမှုများအား ပြည်တွင်းငွေကြေး အသုံးပြုရေးအပါအဝင် အာဆီယံ+၃ ငွေရေးကြေးရေး ပူးပေါင်းဆောင်ရွက်မှုများကို ဆွေးနွေးကြပြီး အနာဂတ်ကာလတွင် ဆက်လက်ဆောင်ရွက်ရန်များကို ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများက လမ်းညွှန်ကြသည်။

ယင်းနောက် အာဆီယံ+၃ ဘဏ္ဍာရေးဝန်ကြီးများသည် ပူးတွဲသတင်းထုတ်ပြန်ချက်တစ်ရပ်ကို ထုတ်ပြန်ပြီး သတင်းစာရှင်းလင်းပွဲတစ်ရပ်ကို ကျင်းပခဲ့သည်။

မေ ၂ ရက် နံနက် ၈ နာရီတွင် ဖိလစ်ပိုင် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာရှိ San Miguel Hall ၌ အေဒီဘီ နှစ်ပတ်လည်အစည်းအဝေးနှင့် ဆက်စပ်ကျင်းပသော မြန်မာနိုင်ငံနှင့် အေဒီဘီရှိ အမှုဆောင် ဒါရိုက်တာရုံးများ၏ အမှုဆောင်ဒါရိုက်တာများနှင့် နှစ်ပတ်လည်အစည်းအဝေးသို့ တက်ရောက်လာသည့် အထူးဖိတ်ကြားထားသော ကိုယ်စားလှယ်များဖြင့် ပြုလုပ်သည့် အလွတ်သဘော အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးသည် သဘာပတိအဖြစ် ဆောင်ရွက်သည်။

### ရှင်းလင်းပြောကြား

အစည်းအဝေးတွင် မြန်မာနိုင်ငံ၏ ကာလတို (၅)နှစ် စီးပွားရေးစီမံကိန်း ကာလအတွင်း ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများနှင့် မြန်မာနိုင်ငံမှ ဆောင်ရွက်လျက်ရှိသည့် အခြေခံအဆောက်အအုံဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်နေမှု ထောင်စုနှစ်ရည်မှန်းချက်များ ပြည့်မီရေးအတွက် လူမှုရေးကဏ္ဍ၌ အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေ၊ ဒေသတွင်း အဖွဲ့အစည်းများ၌ မြန်မာနိုင်ငံမှ ပူးပေါင်းဆောင်ရွက်မှုများနှင့် မြန်မာနိုင်ငံမှ အကောင်အထည်ဖော် ဆောင်ရွက်နေသော ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အစိုးရပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုမူဝါဒ (PPP) တို့ကို နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်မြတ်မြတ်စိုးက လည်းကောင်း၊ ငွေလဲလှယ်နှုန်းပေါင်းစည်းရေးလုပ်ငန်း တိုးတက်မှုအခြေအနေများနှင့် မြန်မာနိုင်ငံ၏ ငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုများကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်ဝင်းကလည်းကောင်း ရှင်းလင်းပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းသည် မေ ၂ ရက် နံနက် ၁၀ နာရီတွင် ဖိလစ်ပိုင် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ တတိယထပ်၌ အေဒီဘီဥက္ကဋ္ဌနှင့် တွေ့ဆုံကာ မြန်မာနိုင်ငံနှင့် အေဒီဘီတို့အကြား ရှေ့ဆက်လက် ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

ယင်းနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုဝန်ကြီးအား အေဒီဘီ ဒုတိယဥက္ကဋ္ဌ (Operations 2) Mr. Stephen Groff လာရောက်တွေ့ဆုံသည်။

ပြည်ထောင်စုဝန်ကြီးသည် အေဒီဘီရှိ အရှေ့တောင်အာရှအုပ်စု၏ အမှုဆောင်ဒါရိုက်တာ Mr. Chaiyuth Sudthitanakorn နှင့် အလုပ်သဘောနေ့လယ်စာစားပွဲ၌ မြန်မာနိုင်ငံနှင့် အေဒီဘီတို့အကြား ရှေ့ဆက်လက် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

ထို့အပြင် ကမ္ဘာ့ဘဏ်၏ အရှေ့အာရှပစိဖိတ်ဆိုင်ရာ ဒုတိယဥက္ကဋ္ဌ Mrs. Pamela Cox နှင့် ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် လာရောက်တွေ့ဆုံပြီး ကမ္ဘာ့ဘဏ်နှင့် မြန်မာနိုင်ငံအကြား ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် မေ ၄ ရက် နံနက် ၈ နာရီခွဲတွင် Bank of Tokyo- Mitsubishi UFJ နှင့်လည်းကောင်း၊ မေ ၅ ရက် နံနက် ၁၁ နာရီတွင် ယခုနှစ် အေဒီဘီနှင့် နှစ်ပတ်လည်အစည်းအဝေး၌ ဂါဗာနာဘုတ်အဖွဲ့၏ ဒုတိယသဘာပတိအဖြစ် ဆောင်ရွက်သည့် ဂျာမနီနိုင်ငံ Federal Ministry for Economic Cooperation and Development Parliamentary State Secretary Honourable Ms. Gudrum Koop နှင့် လည်းကောင်း၊ မွန်းလွဲ ၂ နာရီတွင် JICA အဖွဲ့နှင့် လည်းကောင်း၊ ညနေ ၃ နာရီတွင် Special Representative for Mexico's G 20 Presidency Mr. Roberto Masino နှင့်လည်းကောင်း တွေ့ဆုံခဲ့ပြီး အကျိုးတူကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

မြန်မာကိုယ်စားလှယ် အဖွဲ့သည် မေ ၄ ရက် ညနေ ၃ နာရီခွဲတွင် ကျင်းပခဲ့သည့် အာရှငွေချေးစာချုပ်ဈေးကွက် အစီအစဉ် (၁၀)နှစ်မြောက် နှစ်ပတ်လည်အစည်းအဝေးသို့လည်း တက်ရောက်ခဲ့သည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် မေ ၆ ရက်ညတွင် ပြန်လည်ရောက်ရှိရာ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းနှင့် တာဝန်ရှိပုဂ္ဂိုလ်များလည်း ပြန်လည်လိုက်ပါခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မစ္စတာ ပရာ့(စ်) ဂီမီရေးအား မြန်မာနိုင်ငံဆိုင်ရာ နီပေါသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူ

**နေပြည်တော် မေ ၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ နီပေါ ဖယ်ဒရယ် ဒီမိုကရက်တစ်သမ္မတနိုင်ငံ၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် မစ္စတာ ပရာ့(စ်)ဂီမီရေးအားခန့်အပ်ရန် အဆိုပြုခြင်းကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာ ပရာ့(စ်)ဂီမီရေးသည် ၁၉၅၆ ခုနှစ် မတ် ၈ ရက်တွင် မွေးဖွားခဲ့ပြီး ၁၉၈၁ ခုနှစ်တွင် နီပေါနိုင်ငံရှိ ထရီဘူဗန်တက္ကသိုလ်မှ စီးပွားရေးစီမံခန့်ခွဲမှုမဟာဘွဲ့၊ ၁၉၉၀ ခုနှစ်တွင် ပြင်သစ်နိုင်ငံရှိ ပါရီတက္ကသိုလ်မှ နိုင်ငံတကာအုပ်ချုပ်ရေးစီမံခန့်ခွဲမှုဆိုင်ရာ မဟာဘွဲ့တို့ကိုရရှိခဲ့သည်။ ထို့နောက် ၁၉၈၃ ခုနှစ်တွင် နီပေါနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၌ စတင်အမှုထမ်းဆောင်ခဲ့ပြီး အိန္ဒိယ၊ ဂျပန်၊ ဆော်ဒီအာရေဗျနိုင်ငံဆိုင်ရာ နီပေါသံရုံးများတွင် ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၁၁ ခုနှစ် မေလမှ ယနေ့အထိ နီပေါ နိုင်ငံခြားရေးဝန်ကြီးဌာနတွင် တွဲဖက်အတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ ၎င်းသည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သမီးတစ်ဦးရှိသည်။ **(သတင်းစဉ်)**

# ရုပ်မြင်ခံစား ရုပ်သံအစီအစဉ်များ

## မြန်မာ့ရုပ်မြင်သံကြား

**၈-၅-၂၀၁၂ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

| | |
|---|---|
| ၇း၀၀ | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော်ဟောကြားတော်မူသော ဥပ္ပါတသန္တိ ပါဠိတော် |
| ၇း၃၀ | နံနက်ခင်းသတင်း |

**ညပိုင်း**

| | |
|---|---|
| ၃း၁၅ | AFC Cup 2012 Group State ဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် [ရန်ကုန်ယူနိုက်တက်အသင်းနှင့် Citizen (Hong Kong)] |
| ၆း၀၀ | ညနေခင်းသတင်း |
| ၈း၀၀ | ပြည်တွင်းသတင်း နိုင်ငံတကာသတင်းများ မိုးလေဝသအခြေအနေ |

## MRTV-4

**၈-၅-၂၀၁၂ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

| | |
|---|---|
| ၅း၂၀ | MRTV-4 သတင်း |
| ၆း၄၀ | MRTV-4ရုပ်သံဇာတ်လမ်းတွဲ **အဖြူရောင်တိမ်တိုက်လေး** (အပိုင်း-၁၅) |
| ၇း၃၀ | MRTV-4 သတင်း |
| ၈း၀၀ | MRTV-4ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်** (အပိုင်း-၂၉) |
| ၁၁း၄၀ | MRTV-4ရုပ်သံဇာတ်လမ်းတွဲ **နှလုံးသားပုံဖော်ရာ** (အပိုင်း-၁) |
| ၂း၀၀ | MRTV-4 သတင်း |
| ၆း၀၀ | MRTV-4 သတင်း |
| ၆း၁၅ | MRTV-4ရုပ်သံဇာတ်လမ်းတွဲ **အဖြူရောင်တိမ်တိုက်လေး** (အပိုင်း-၁၆) |
| ၈း၃၀ | မြန်မာရုပ်သံဇာတ်လမ်းတွဲ **The Sign of Love** (အချစ်သင်္ကေတ) (အပိုင်း-၄) |
| ၉း၃၀ | MRTV-4ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်**(အပိုင်း-၃၀) |
| ၁၀း၄၅ | MRTV-4ရုပ်သံဇာတ်လမ်းတွဲ **နှလုံးသားပုံဖော်ရာ** (အပိုင်း-၂) |

**Barclays Premier League ဘောလုံးပွဲစဉ်**

| နံနက်ပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၁း၂၅ | Liverpool-Chelsea | (Star Sports) (MRTV-4) |

# မြန်မာ့အလင်း အယ်ဒီတာ့ အာဘော်

(၂၀၁၂ ခုနှစ် မေ ၈ ရက်)

## သတိပြုကာကွယ် လျှပ်စစ်အန္တရာယ်

မိုးဦးလေဦးကာလတွင် လေပြင်းမုန်တိုင်းများ မကြာခဏတိုက်ခတ်လေ့ရှိသဖြင့် လျှပ်စစ်အန္တရာယ်ဖြစ်ပွားတတ်ပါသည်။ လေပြင်းများတိုက်ခတ်လိုက်သဖြင့် လျှပ်စစ်ဓာတ်ကြိုးများပြုတ်ကျခြင်း၊ ဓာတ်တိုင်များလဲကျခြင်း၊ လျှပ်စစ်ရှော့ခ်ဖြစ်ခြင်း၊ လျှပ်စီးဝင်နေခြင်းတို့ကြောင့် လျှပ်စစ်အန္တရာယ်ဖြစ်ပွားလေ့ ရှိပါသည်။

မိုးဦးလေဦးကာလ လျှပ်စစ်အန္တရာယ်လျော့နည်းစေရေးအတွက် ကြိုတင်ပြင်ဆင်ရမည့်အပိုင်းနှင့် သတိပြုလိုက်နာရမည့်အပိုင်းဟူ၍ နှစ်ပိုင်းရှိပါသည်။ ဤအပိုင်းနှစ်ပိုင်းကို ဟန်ချက်ညီညီဆောင်ရွက်သွားခြင်းဖြင့် လျှပ်စစ်အန္တရာယ်ဖြစ်ပွားမှု လျော့ပါးသက်သာစေလိမ့်မည်ဟု ယုံကြည်မိပါသည်။

ကြိုတင်ပြင်ဆင်မှုအပိုင်းအနေဖြင့် လျှပ်စစ်ဓာတ်တိုင်များ၊ လျှပ်စစ်ကြိုးများ ကြံ့ခိုင်မှု ရှိ မရှိ စစ်ဆေးပြုပြင်ခြင်းနှင့် လျှပ်စစ်ဓာတ်ကြိုးများနှင့် မလွတ်ကင်းသည့် သစ်ပင်များ၊ သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းခြင်းတို့ကို ပြုလုပ်ကြရပါမည်။ လျှပ်စစ်ဓာတ်ကြိုးများ သစ်ကိုင်းများနှင့်ထိနေသဖြင့် လေတိုက်သည့်အခါ လျှပ်စစ်ဓာတ်ကြိုးများ ပြုတ်ကျနိုင်ပါသည်။ နေအိမ်များမှ ဓာတ်တိုင်များသို့ တွယ်ချိတ်ထားသည့် ဓာတ်ကြိုးများလည်း ထိထိမိမိ ချိတ်မိနေဖို့လိုပါသည်။ သို့မဟုတ်ပါက ဓာတ်ကြိုးများပြုတ်ကျ၍ လျှပ်စစ်အန္တရာယ်ဖြစ်စေနိုင်ပါသည်။

သတိပြုလိုက်နာရမည့်အပိုင်းသည် ပြည်သူများ၏အပိုင်းဖြစ်ပါသည်။ မိုးဦးလေဦး လေပြင်းများတိုက်ခတ်နေချိန်ဖြစ်စေ၊ တိုက်ခတ်ပြီးနောက်၌ဖြစ်စေ သတိနှင့်သွားလာသင့်ပါသည်။ ဓာတ်တိုင်များလဲကျနေခြင်း၊ ဓာတ်ကြိုးများပြုတ်ကျနေခြင်း ရှိ မရှိ သတိပြုသင့်ပေသည်။ အကယ်၍ ဓာတ်တိုင်များလဲကျခြင်း၊ ဓာတ်ကြိုးများပြုတ်ကျခြင်းတွေ့ရှိပါက သက်ဆိုင်ရာသို့ အမြန်ဆုံးအကြောင်းကြားပြီး ပြင်ဆင်သင့်ပါသည်။ အထူးသဖြင့် ကလေးများ ဓာတ်ကြိုး၊ ဓာတ်တိုင်များအနီး ဆော့ကစားခြင်းမပြုရန် သတိပေးသင့်ပေသည်။

လျှပ်စစ်အန္တရာယ်ကို သတိပြုကြသူများရှိသလို သတိမပြုကြသူများလည်းရှိ၏။ သတိထားမှုအားနည်းသဖြင့် ဓာတ်လိုက်သေဆုံးသူအများအပြားရှိသည်။ ကုန်တင်ယာဉ်များ လမ်းများအတွင်း မဆင်မခြင်မောင်းနှင်မှုကြောင့် ပြုတ်ကျလာသောဓာတ်ကြိုးများတက်နင်းမိ၍ ဓာတ်လိုက်ခံရခြင်း၊ ရေကန်အတွင်း ဓာတ်ကြိုးပြုတ်ကျနေစဉ် ရေခပ်သူဓာတ်လိုက်ခံရခြင်းစသည်ဖြင့် ဓာတ်လိုက်မှုပုံစံအမျိုးမျိုးရှိ၏။ ထို့ကြောင့် ဓာတ်လိုက်မှုသည် မတော်တဆဖြစ်ပွားရသည်ဟုဆိုသော်လည်း ပေါ့ဆမှုသည် အဓိကအကြောင်းအရင်း ဖြစ်သည်။

သို့ပါ၍ မိုးဦးလေဦးကာလတွင် လျှပ်စစ်အန္တရာယ်လျော့ပါးသက်သာစေရေးအတွက် ကြိုတင်ပြင်ဆင်မှုအပိုင်းနှင့် သတိပြုလိုက်နာရမည့်အပိုင်းတို့ကို ဟန်ချက်ညီညီ လုပ်ကိုင်ဆောင်ရွက်ကြခြင်းဖြင့် မတော်တဆဓာတ်လိုက်သေဆုံးမှုများ လျော့ပါးသက်သာစေနိုင်မည်ဟု ယုံကြည်မိပါကြောင်း ရေးသားလိုက်ရပေသည်။ ။

# ဘားအံမြို့၌ မီးသတ်တပ်ဖွဲ့နေ့အခမ်းအနား ကျင်းပ

**နေပြည်တော် မေ ၇**

(၆၆)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို မေ ၅ ရက် နံနက်ပိုင်းက ကရင်ပြည်နယ် ဘားအံမြို့ ပြည်ထောင်စုသီရိကွင်း၌ ကျင်းပရာ ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မင်း၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ် တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်လူမှုရေးဝန်ကြီး ဦးချစ်လှိုင်က အမှာစကား ပြောကြားသည်။

ထို့နောက် မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးအန္တရာယ်ကာကွယ်ခြင်းနှင့် မီးငြိမ်းသတ်မှုတို့ကို သရုပ်ပြသကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က မီးသတ်တပ်ဖွဲ့ဝင်များအား ချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# ကျောင်းပြင်ပမူလတန်းပညာရေး ပုသိမ်၌ညှိနှိုင်းဆွေးနွေးပွဲကျင်းပ

**ပုသိမ် မေ ၇**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကျောင်းပြင်ပမူလတန်းပညာရေးလုပ်ငန်း အကြိုညှိနှိုင်းဆွေးနွေးပွဲကို တိုင်းဒေသကြီး ပညာရေးမှူးရုံး အစည်းအဝေးခန်းမ၌ မေ ၆ ရက် နံနက် ၁၀ နာရီကကျင်းပရာ အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီး ဦးစန်းမောင် **(အပေါ်ပုံ)**နှင့် မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်များအဖွဲ့ အမှုဆောင်အဖွဲ့ဝင်၊ လူတိုင်းအတွက်ပညာရေး နိုင်ငံအဆင့် ညှိနှိုင်းရေးမှူး ဆရာကြီး ဦးတင်ညိုတို့က ကျောင်းပြင်ပ မူလတန်းပညာရေးနှင့် ပတ်သက်၍ ရှင်းလင်းအမှာစကား ပြောကြားသည်။

ဆက်လက်၍ ခရိုင်နှင့် မြို့နယ် အုပ်ချုပ်ရေးမှူးများက ကျောင်းပြင်ပ မူလတန်းပညာရေး အခြေစိုက်စခန်းများ တည်ရှိမှုနှင့် ဆောင်ရွက်ထားရှိမှုများကို တင်ပြဆွေးနွေးရာ ဆွေးနွေးချက်များ အပေါ် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဆွေးနွေးပြီးနောက် ကျောင်းပြင်ပ မူလတန်းပညာရေးနှင့် ပတ်သက်သည့်အထိမ်းအမှတ်ပစ္စည်းများ၊ ဝင်ငွေတိုးလုပ်ငန်းဆိုင်ရာ ပစ္စည်းများ၊ မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

# သုတရိပ်မြုံစာကြည့်တိုက်အဆောက်အအုံသစ် မှော်ဘီ၌ဖွင့်

**ရန်ကုန် မေ ၇**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ဘွက်ကြီးကျေးရွာ သုတရိပ်မြုံစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို မေ ၆ ရက် နံနက် ၁၀ နာရီက အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးလွင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးအေးသိန်းနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်တို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ဆက်လက်၍ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကား ပြောကြားပြီးနောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးအေးသိန်းက စာကြည့်တိုက်များ စံ(၅)ရပ်နှင့် ပြည့်စုံစေရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးတို့ကို ဟောပြောသည်။ ဆက်လက်၍ မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းကိုယ်စား သုတ၊ ရသ စာအုပ်စာစောင် ၁၅၀ ကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်မှူးဦးကျော်လင်းက လက်ခံယူခဲ့ကြောင်း သိရှိရသည်။

**(မြို့နယ် ပြန်/ဆက်)**



**စာပေမြင့်မှ လူမျိုးတင့်မည်**

# အမေရိကန်ပြည်ထောင်စုရှိ ကမ္ဘာ့အကြီးဆုံး HR အဖွဲ့အစည်းကြီးက မြန်မာ့စီးပွားရေးလုပ်ငန်းရှင်ကြီးများအား ဖိတ်ခေါ်

**ရန်ကုန် မေ ၇**

မြန်မာနိုင်ငံ၏ နိုင်ငံရေးအခြေအနေများ ပြောင်းလဲတိုးတက်မှုများနှင့်အတူ ကမ္ဘာ့နိုင်ငံကြီးများမှ ချမှတ်ထားသော စီးပွားရေးပိတ်ဆို့မှုများ ဖြေလျှော့ပေးလာသည့်အချိန်တွင် အမေရိကန်ပြည်ထောင်စုရှိ ကမ္ဘာ့အကြီးဆုံး HR အဖွဲ့အစည်းကြီးတစ်ခုဖြစ်သည့် SOCIETY FOR HUMAN RESOURCE MANAGEMENT က ကြီးမှူးကျင်းပမည့် SHRM 2012 ANNUAL CONFERENCE & EXPOSITION ညီလာခံကြီးသို့ တက်ရောက်နိုင်ရန် မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်ကြီးများအား ဒုတိယအကြိမ်မြောက်အဖြစ် ဖိတ်ခေါ်ထားကြောင်း စမ်းချောင်းမြို့နယ် ဗားဂရာကွန်ဒိုရှိ BOHS ကုမ္ပဏီထံမှသိရှိရသည်။

ညီလာခံတွင် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်ကြီးများအနေဖြင့် လူ့စွမ်းအားအရင်းအမြစ် HR နှင့်ပတ်သက်သော အသိပညာများကို နိုင်ငံပေါင်းစုံမှ ပညာရှင်များနှင့် တွေ့ဆုံဖလှယ်နိုင်ရေး၊ နိုင်ငံတကာမှ စီးပွားရေးခေါင်းဆောင်များ၊ ဆုံးဖြတ်ချက်ချသူများ (Decision Makers) နှင့် တွေ့ဆုံဆွေးနွေးနိုင်ခြင်းနှင့် နောက်ဆုံးပေါ် ထုတ်ကုန်များကို ပြခန်းပေါင်းနှစ်ထောင်ကျော်၌ တစ်နေရာတည်းတွင် ကြည့်ရှုလေ့လာနိုင်ခြင်းများအပြင် အမေရိကန်ပြည်ထောင်စုရှိ အထင်ကရနေရာဒေသများသို့လည်း ရောက်ရှိလည်ပတ်နိုင်မည်ဖြစ်သည်။

အဆိုပါညီလာခံကို အမေရိကန်ပြည်ထောင်စု ဂျော်ဂျီယာပြည်နယ် အက်တ်လန်တာမြို့၌ ဇွန် ၂၄ ရက်မှ ၂၇ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ခရီးစဉ်ကာလမှာ ၁၉ ရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရှိရသည်။ **(ကိုကြီးသာ)**

# နောက်ဆုံးတော့ ဒုံရင်းကဒုံရင်း မဖြစ်ပါစေနဲ့လို့သာ···

**ကိုဇော်**

မိမိသည် လှိုင်သာယာမြို့နယ်တွင် နေထိုင်လာခဲ့သည်မှာ (၁၂)နှစ် နီးပါးခန့် ရှိပါပြီ။ နေထိုင်ခဲ့သောကာလအတွင်း တစ်ခါမျှ မမြင်ခဲ့ဖူးသော မြင်ကွင်းတစ်ခုကို ထူးခြားစွာ မြင်တွေ့ရသည်မှာ ပြီးခဲ့သည့်လကမှ ဖြစ်သည်။ မြင်ကွင်းကား တခြားမဟုတ်ပါ။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ လှိုင်သာယာမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှိုက်သိမ်းယာဉ်တစ်စီးသည် စနေ(သို့)တနင်္ဂနွေတစ်ရက်တွင် ရုံးရှေ့ မှတ်တိုင်အဝင်လမ်း ကျန်စစ်သားလမ်းမကြီးပေါ်တွင် ရောက်ရှိကာ အမှိုက်များကို သိမ်းဆည်းနေသည့်မြင်ကွင်းပင် ဖြစ်သည်။

အမှိုက်သိမ်းယာဉ်သည် မိမိတို့အိမ်ရှေ့နားတွင်ရပ်ကာ ကျန်စစ်သားလမ်းမကြီး ဝဲ၊ ယာ အိမ်များမှ လာရောက်စွန့်ပစ်သည့် အမှိုက်များကို သိမ်းဆည်းနေပြီး ဝန်ထမ်းတစ်ဦးက လက်ဖက်ရည်ဆိုင်၊ စတိုးဆိုင်များမှ အမှိုက်များလာရောက်စွန့်ပစ်ရန် လိုက်လံပြောဆိုနေသည်ကို တွေ့ရသည်။ မိမိ အလွန်ပင်အံ့အားသင့်ကာ ဝမ်းသာအားရလည်းဖြစ်ရပါသည်။ အနီးအနားမှ အိမ်နီးချင်းမိတ်ဆွေများကိုလည်း "ခင်ဗျားတို့ အမှိုက်တွေကို နောက်ဖေးလမ်းကြားမှာ ပစ်စရာမလို၊ ၁၀၃ ဂိတ်ဟောင်းချောင်းထဲကိုလည်း သွားပစ်စရာမလိုတော့ဘူး၊ (၁၆)ရပ်ကွက် ကမ္ဘောဇလမ်းမှာရှိတဲ့ အမှိုက်ကန်ကိုလည်း သွားပစ်စရာမလိုတော့ဘူး။ အိတ်တွေနဲ့ထည့်ထား၊ စနေ၊ တနင်္ဂနွေတစ်ပတ်ကားလာရင် သွားပေးလိုက်ရုံပဲ"ဟု အာပေါင်အာရင်းသန်သန် ပြောပြပါသည်။

ဟုတ်ပါသည်။ မိမိနေထိုင်ရာအနီးအနားတွင် သတ်သတ်မှတ်မှတ် အမှိုက်ကန်မရှိပါ။ ကမ္ဘောဇလမ်းရှိ အမှိုက်ကန်သို့ သွားရောက်စွန့်ပစ်ရသည်။ ကမ္ဘောဇလမ်း အမှိုက်ကန်သည်လည်း လာရောက်စွန့်ပစ်သူတို့များ၍လားမသိ။ မိုးတွင်းကာလမျိုးတွင် အမှိုက်များတောင်လိုပုံ၍ အနံ့အသက်ဆိုးများကို အနီးအနားအိမ်များ ခံစားကြရသည်။ ထို့ကြောင့် အမှိုက်စွန့်ပစ်လိုသူတို့သည် နောက်ဖေးလမ်းကြား၊ ၁၀၃ ကားဂိတ်ဟောင်းချောင်း၊ ရွှေလင်ဗန်းဝန်ထမ်းကြီးအိမ်ရာအနီးရှိ ယာယီအမှိုက်ပုံသို့ သွားရောက်စွန့်ပစ်ကြရသည်။ ဝန်ထမ်းကြီးအိမ်ရာအမှိုက်ပုံမှာလည်း လာရောက်သိမ်းဆည်းမှုမရှိသည်ကများ၍ အနံ့အသက်များ ရောပွမ်းလျက်ရှိသည်။ ကံကောင်းသည်မှာ ဝန်ထမ်းကြီးအိမ်ရာဟုသာခေါ်ဆိုသည် အိမ်ရာတစ်လုံးတလေမျှ ဆောက်ထားခြင်းမရှိသေးပါ။ တစ်ခါ နောက်ဖေးလမ်းကြားသို့ အမှိုက်ပစ်သည့်အတွက် နောက်ဖေးလမ်းကြား အကျယ် ၁၀ ပေကျော်မှာလည်း အမှိုက်များဖြင့် တဖြည်းဖြည်းမြင့်တက်လာခြင်း၊ အတ္တသမားတို့၏ ဝက်ခြံများဆောက်ထားခြင်း၊ ဘူးစင်များဆောက်ခြင်း၊ ရေအိမ်သာတွင်းများတူး၍ ကျောက်ခွေများချခြင်း စသည့် လုပ်ရပ်များကြောင့် မိုးရာသီတွင် မိမိတို့မြို့နယ်အတွင်း ရေလျှံခြင်း၊ ဝမ်းလျှော ဝမ်းပျက်ရောဂါဖြစ်ခြင်း၊ သွေးလွန်တုပ်ကွေးဖြစ်ခြင်းစသည့် ကျန်းမာရေးထိခိုက်မှုများ ဖြစ်လာရသည်။ နောက်ဖေးလမ်းကြားတွင် ယင်းသို့ပြုလုပ်ခွင့်ရှိ မရှိကိုမူ သက်ဆိုင်ရာဌာနမှသာ သိပါမည်။ မိမိအနေဖြင့် အကျယ်တဝင့်မသိပါ။ မိမိနေထိုင်ရာပတ်ဝန်းကျင်တွင် ဖြစ်ပျက်နေသည်များကို ပြောပြခြင်းသာဖြစ်ပါသည်။ ကျန်စစ်သားလမ်းမကြီး ဝဲ၊ ယာတစ်လျှောက် နောက်ဖေးလမ်းကြားများကို နမူနာပေးခြင်းဖြစ်ပါသည်။

ယခုတော့ အမှိုက်သိမ်းယာဉ်လာရောက်၍ အမှိုက်သိမ်းနေပြီဖြစ်၍ လာမည့်မိုးရာသီတွင် အနံ့အသက်ဆိုးများ၊ ဝမ်းလျှော၊ ဝမ်းပျက်ရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါတို့ အဖြစ်နည်းတော့မည်ဟု တွေးမိပါသည်။ ကမ္ဘောဇလမ်းရှိ အမှိုက်ကန်နှင့် ဝန်ထမ်းကြီးအိမ်ရာအနီးလမ်းမကြီးပေါ်ရှိ အမှိုက်ပုံကြီးမှာလည်း ယခုတော့ရှင်းသွားပြီဖြစ်သည်။ အမှိုက်ကန်နှင့် အမှိုက်ပုံအနီးရှိအိမ်များ အနံ့အသက်ဆိုးများကင်းဝေးရပါပြီ။ ယင်းသို့အမှိုက်သိမ်းယာဉ် လာရောက်သိမ်းဆည်းခြင်းသည် ခဏတာစီမံချက်၊ ကောက်ရိုးမီး စီမံချက်မဟုတ်ဘဲ အမြဲပြုလုပ်သည့်စီမံချက်ဖြစ်ဖို့လိုသည်။ လာရောက်သိမ်းဆည်းပေးသည့် ဝန်ထမ်းများကို ကျေးဇူးတင်ကြောင်းနှင့် မှန်မှန်လာ၍ သိမ်းဆည်းပေးလိုကြောင်းပြောပါရစေ။ ပြည်သူတို့အပိုင်းကလည်း လမ်းသွားရင်းအမှိုက်ပစ်ချ၊ ကြုံသလိုအမှိုက်ပစ်ချသည့် သူတို့၏ စိတ်ဓာတ်ကိုလည်း ပြင်ဖို့အချိန်တန်ပေပြီ။ သက်ဆိုင်ရာဌာနကိုချည်း အပြစ်တင်၍မရပါ။ မိမိတို့ပြည်သူများအပိုင်းကလည်း တာဝန်သိစိတ်၊ နိုင်ငံကြီးသားပီသစိတ်တို့ဖြင့် ဌာနမှဝန်ထမ်းများဖြင့် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။ တစ်ခါ စည်ပင်မှ အမှိုက်ခွန်များတိုး၍ ကောက်ခြင်းကြောင့် ဌာနမှလာရောက်ဝန်ဆောင်မှုပေးနေပြီဟု ဝန်းကျင်မှသူများအား မိမိပြောပြပါသည်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် မြို့တော်စည်ပင်သာယာနယ်နိမိတ် ၃၃ မြို့နယ်တွင်နေထိုင်သော ပြည်သူငါးသန်းကျော် နေ့စဉ်စွန့်ပစ်သည့် အမှိုက်တန် ၁၆၀၀ ကျော်ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ နေ့စဉ်သိမ်းဆည်းစွန့်ပစ်နိုင်ရန် ဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ဆောင်ရွက်ရာတွင် ဝန်ထမ်း ၆၀၀၀ ကျော် အမှိုက်သိမ်းယာဉ် ၂၉၄ စီးဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းများတွင်ဖတ်ရသည်။

မြို့ထဲမှာတောင် ဧပြီ ၁ ရက်မှစပြီး အမှိုက်စို၊ အမှိုက်ခြောက် ခွဲခြားစွန့်ပစ်သည့်စနစ်ကို စတင်အကောင်အထည်ဖော်ခဲ့လို့ လှိုင်သာယာလို ဆင်ခြေဖုံးမြို့နယ်တွေကို အမှိုက်သိမ်းယာဉ် ရောက်လာတာဖြစ်မည်ဟု မိမိထင်မြင်မိသည်။ တကယ်တော့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ တာဝန်သည် လမ်းတိုင်းမဟုတ်သည့်တိုင် လမ်းဆုံ၊ လမ်းခွလိုနေရာများတွင် အမှိုက်စွန့်ပစ်ရန် နေရာများသတ်မှတ်ပေးခြင်း၊ သတ်မှတ်ထားသည့်အတိုင်း ရပ်ကွက်အတွင်းရှိ နေထိုင်သူများစနစ်တကျလာရောက်စွန့်ပစ်ရန် အသိပညာပေးခြင်း၊ ရပ်/ကျေးအာဏာပိုင်တို့အကူအညီဖြင့် လိုက်လံကြေညာခြင်း၊ စွန့်ပစ်ထားသည့် အမှိုက်များကို စနစ်တကျ အချိန်မှန်လာရောက်သိမ်းဆည်းမှုပြုလုပ်ပေးခြင်း၊ စည်းကမ်းမဲ့ အမှိုက်ပစ်သူများကို ပထမအဆင့် ပညာပေးခြင်း၊ ဒုတိယအဆင့် ဒဏ်ရိုက်ခြင်းတို့ကို ပြုလုပ်ပေးရမည်ဖြစ်သည်။ နေရာသတ်မှတ်ပေးခြင်းမရှိ၊ စနစ်တကျလာရောက် သိမ်းဆည်းခြင်းမရှိပါက ဒုံရင်းဒုံရင်းသာ ဖြစ်ပါမည်။ ပြည်သူများကလည်း ကြုံသလိုအမှိုက်ပစ်ခြင်း၊ နောက်ဖေးလမ်းကြား အမှိုက်စွန့်ခြင်း မပြုလုပ်ရန် ကိုယ်တိုင်တာဝန်သိစိတ်၊ နိုင်ငံကြီးသားစိတ်ဖြင့် ကူညီကြရမည်ဖြစ်သည်။ မြို့နယ်ကျန်းမာရေးဌာနနှင့် မြို့နယ်ရပ်ကွက်အုပ်ချုပ်ရေးပိုင်းမှ တာဝန်ရှိသူများကလည်း မိုးရာသီရောဂါများ ဖြစ်သည့်အချိန်မှ ဖြစ်သည့် ရပ်ကွက်၊ လမ်းသို့သွားရောက်၍ သွေးလွန်တုပ်ကွေးကာကွယ်ရေး၊ ခြင်ဆေးဖျန်းခြင်း၊ ဝမ်းလျှော ဝမ်းပျက်ရောဂါမဖြစ်ရန် ဟောပြောပွဲပြုလုပ်ခြင်းတို့ကို သတင်းများတွင် ပါရှိရေးဖော်ရှိုးမပြုလုပ်သင့်ပေ။ ရောဂါမဖြစ်မီ ယခုအချိန်ကာလမှစ၍ သက်ဆိုင်ရာဌာနများနှင့် ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များ ပူးပေါင်း၍ ကြိုတင်အသိပညာပေးခြင်း၊ နှိုးဆော်ခြင်းတို့ကို ပြုလုပ်သင့်သည်။ ကြိုတင်ကာကွယ်ခြင်းသည်ပို၍ မကောင်းပါလား။ ပြည်သူများအပိုင်းကလည်း သက်ဆိုင်ရာအဖွဲ့အစည်းများက ထုတ်ပြန်သော သတိပေးချက်၊ နှိုးဆော်ချက်များကို လိုက်နာ၍ တာဝန်သိသိ ပူးပေါင်းပါဝင်ခြင်းဖြင့် မြို့တော်သန့်ရှင်းသာယာလှပရေးကို ဝိုင်းဝန်းကူညီရမည်ဖြစ်သည်။ ထိုသို့ ဝိုင်းဝန်းကူညီခြင်းဖြင့် အမှိုက်သိမ်းစနစ်အောင်မြင်ခြင်း၊ နောက်ဖေးလမ်းကြား ပြဿနာများလျော့နည်းလာခြင်း၊ ကျန်းမာရေးပြဿနာများ လျော့နည်းလာခြင်း ဖြစ်လာမည်ဖြစ်သည်။

ရန်ကုန်မြို့ကို စင်ကာပူမြို့တော်ကဲ့သို့ ဖြစ်လာစေရန် ဆောင်ရွက်နေသည့် ယခုလိုကာလမျိုးတွင် ပြည်သူများဘက်မှ အသိစိတ်ဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်သင့်သည်များကို ဝိုင်းဝန်းဆောင်ရွက်ရမှာဖြစ်သလို သက်ဆိုင်ရာဌာနမှလည်း မိမိတာဝန်ယူထားသည့်လုပ်ငန်းအား အချိန်မှန်မှန်တာဝန်ကျေအောင် ဆောင်ရွက်သင့်သည်။ သို့မှသာ မိမိတို့အဖွဲ့အစည်း၏ ရည်မှန်းချက် အောင်မြင်မှာဖြစ်ပါသည်။ မိမိ မည်မျှအထိ အာရုံရသွားသည်မသိ၊ ခြေရင်းအိမ်မှ မိတ်ဆွေက "ဗျို့ ကို. . . ရေ ခင်ဗျားပြောတဲ့ အမှိုက်သိမ်းယာဉ် စနေ၊ တနင်္ဂနွေလာမယ်ဆို အခုကျွန်တော်အမှိုက်တွေကို ပလတ်စတစ်အိတ်ကြီးနဲ့ စုထည့်ထားတာ ၁၀ အိတ်ရှိပြီ၊ ခင်ဗျားအမှိုက်သိမ်းယာဉ်လည်း မလာပါလားဗျာ။ နောက်ဆုံးတော့ ဒုံရင်းက ဒုံရင်းပါပဲဗျာ" ဟု ပြောလိုက်ရာ မိမိလည်း ပါးစပ်အဟောင်းသား ဖြစ်သွားရသည်။ "အေးဗျာ၊ ခင်ဗျားစောင့်ကြည့်၊ သူတို့လာသိမ်းမှာပါ၊ နောက်ဆုံးမှာ ဒုံရင်းက ဒုံရင်းမဖြစ်ပါစေနဲ့လို့သာ" စိတ်ထဲက ရေရွတ်မိပါတော့သည်။ ။



ကဆုန်ညောင်ရေသွန်းပွဲတော်ကို မေ ၅ ရက်က မြဝတီမြို့ ရွှေမြင်းဝန်စေတီတော် သာသနာ့ဟိတကာရီဗိမာန်တော်၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်တင်နှင့် ဌာနဆိုင်ရာများ၊ လူမှုရေး၊ ဘာသာရေး အသင်းအဖွဲ့များ၊ ပြည်သူများမှ ကဆုန်ညောင်ရေအိုးများ ကိုင်ဆောင်၍ ရွှေမြင်းဝန်စေတီတော်ကို လက်ယာရစ်တစ်ပတ် လှည့်လည်ပူဇော်စဉ်။ (မြန်မာ့အလင်း)

# မြန်မာနိုင်ငံအတွင်း မူးယစ်ဆေးဝါး ပပျောက်ရေးအတွက် ကဏ္ဍ(၃)ရပ်အား အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၇**

မြန်မာနိုင်ငံအတွင်း မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများကို ၁၉၉၉ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ (၁၅)နှစ် စီမံကိန်းရေးဆွဲပြီး မူးယစ်ဆေးဝါး ထုတ်လုပ်မှုပပျောက်ရေး၊ သုံးစွဲမှုပပျောက်ရေးနှင့် တားဆီးနှိမ်နင်းရေး စသည့် ကဏ္ဍ(၃)ရပ်အား စီမံချက်ရေးဆွဲ၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

စီမံချက်အရ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မူးယစ် (အထူး)တပ်ဖွဲ့နှင့် ဌာနဆိုင်ရာများပူးပေါင်း၍ တစ်နှစ်တာကာလအတွင်း တားဆီးနှိမ်နင်းရေးဆောင်ရွက်ခဲ့ရာတွင် ၂၀၁၁ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၁၂ ခုနှစ် မတ် ၃၁ ရက်အထိ ဘိန်း ၃၇၄ မှူး (၁၃၇၉ ဒသမ ၆၄၄၈)ကီလို၊ ဘိန်းဖြူ ၇၄၈ မှု (၃၅ ဒသမ ၆၇၆၆) ကီလို၊ ဆေးခြောက် ၁၈၄ မှု (၁၉၉ ဒသမ ၈၄၅၅) ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၉၂၃ မှု (၁၅ ဒသမ ၇၄၆၈၄၃)သန်း၊ အဆင့်နိမ့်ဘိန်း ၁၆၀ မှု (၁၆၀ ဒသမ ၁၂၄)ကီလို၊ ဘိန်းဆီခဲ ၇၂ မှု (၄၈ ဒသမ ၀၃၀၆) ကီလိုနှင့် အခြားအမှု ၁၉၃ မှု အပါအဝင် စုစုပေါင်း မူးယစ်ဆေးဝါးမှု ၂၆၅၄ မှုကို တရားခံ ၃၉၄၃ ဦးနှင့်အတူ ဖမ်းဆီးအရေးယူနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း နောက်ဆုံးရ နိုင်ငံတကာသတင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် - စုစည်းသည်



## ကမ္ဘာ့ဒုတိယအမြင့်ဆုံး မိုးပျံအဆောက်အအုံ တိုကျိုမြို့၌ တည်ဆောက်ပြီးစီး

**တိုကျို မေ ၇**

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ၂၀၀၈ ခုနှစ် ဇူလိုင်လကတည်းက စတင်တည်ဆောက်ခဲ့သော ကမ္ဘာ့ဒုတိယအမြင့်ဆုံး မိုးပျံအဆောက်အအုံဖြစ်သည့် တိုကျိုစကိုင်းထရီးတွင် ခေတ်မီနည်းစနစ်နှင့် ဗိသုကာလက်ရာများ အပြီးသတ်ပြုလုပ်ပြီးဖြစ်ကြောင်း မေ ၇ ရက်က သတင်းထုတ်ပြန်သည်။ **(ဝဲပုံ)**

**ပြီးစီးခဲ့**

အမြင့် ၆၃၄ မီတာရှိသော တိုကျိုစကိုင်းထရီး၏ အဓိကတည်ဆောက်မှုလုပ်ငန်းများမှာ ဖေဖော်ဝါရီလကပင် ပြီးစီးခဲ့ပြီဖြစ်သည်။ ၎င်းအဆောက်အအုံသည် အဝေးမှကြည့်လျှင် အိမ်ရိုက်သံချောင်းတစ်ချောင်း ထောင်ထားသကဲ့သို့ ရှိသည်။

**ပုံစံထုတ်ထား**

တိုကျိုစကိုင်းထရီး၏ အမြင့်ဆုံးအထပ်၌ အသံလွှင့်ဌာနတစ်ခုထားရှိရာယင်းမှာကမ္ဘာ့အမြင့်ဆုံး အသံလွှင့်ဌာနဖြစ်လာသည်။၎င်းနေရာသည် ဂျပန်နိုင်ငံ၏ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်ဌာနတစ်ခုအဖြစ်လည်း တည်ရှိနေမည်ဖြစ်သည်။ ငလျင်ဒဏ်ကိုအထူးခံနိုင်ရည်ရှိရန် သံမဏိဖရိန်ဖြင့် တည်ဆောက်ထားခြင်းဖြစ်ပြီး အဆောက်အအုံဒီဇိုင်းကို နစ်ကန်ဆီကိုင်ကုမ္ပဏီက ပုံစံထုတ်ထားခြင်းဖြစ်သည်။ **(အင်တာနက်)**

## ကမ္ဘာ့အရှည်ဆုံးလက်ရေးစာမူ အီရတ်နိုင်ငံသားရေးသားနေ

**နာဂျက်ဖ် မေ ၇**

အီရတ်နိုင်ငံသား ဟူစိန်အယ်ခါဆင်အမည်ရှိ အမျိုးသားတစ်ဦးက ကမ္ဘာပေါ်တွင် အရှည်ဆုံးလက်ရေးစာမူတစ်စောင်ကို ရေးသားလျက်ရှိကြောင်း မေ ၇ ရက်က သတင်းထုတ်ပြန်သည်။

အသက် ၂၅ နှစ်အရွယ်ရှိ ဟူစိန်အယ်ခါဆင်သည် ၎က်မွေးနှင့်သစ်သားပေါင်းစပ်ပြုလုပ်ထားသော ဖောင်တိန်တစ်ချောင်းဖြင့် အဆိုပါလက်ရေးစာမူကိုရေးသားခြင်းဖြစ်သည်။ **(ယာပုံ)**၎င်းလက်ရေးစာမူသည် အရှည်မီတာ ၅၅၀၀ နှင့် ၆၀၀၀ အကြားရှိမည်ဖြစ်သည်ဟု ဟူစိန်အယ်ခါဆင်က ပြောကြားသည်။

ဟူစိန်အယ်ခါဆင်သည် အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ရှိ ဘဂ္ဂဒက်တက္ကသိုလ်မှ အနုပညာဘာသာရပ်ဖြင့် ပညာသင်ကြားနေသော နောက်ဆုံးနှစ်ကျောင်းသားတစ်ဦးဖြစ်သည်။ သူသည်နေ့စဉ်စာမျက်နှာပေါင်းများစွာရေးလျက်ရှိရာ အနည်းဆုံးအချိန်ခြောက်လခန့်ကြာမှ ရေးသားမှုပြီးမြောက်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

တစ်နေ့လျှင် အနည်းဆုံး ၁၆ နာရီမျှ ရေးသားလျက်ရှိသော အယ်ခါဆင်သည် ကိုးနှစ်သားအရွယ်ကပင် မီတာ ၁၅၀၀ ရှည်သော လက်ရေးစာမူတစ်စောင်ကို ရေးသားခဲ့ဖူးသည်။ **(အင်တာနက်)**



## ယီမင်ကမ်းရိုးတန်းစောင့်တပ်ဖွဲ့ ဆိုမာလီပင်လယ်ဓားပြ ၁၄ ဦးအား ဖမ်းဆီး



**ဆာနာ မေ ၇**

ယီမင်ကမ်းရိုးတန်းစောင့်တပ်ဖွဲ့က အေဒင်ပင်လယ်ကွေ့အတွင်း ကင်းလှည့်စဉ် ဆိုမာလီပင်လယ်ဓားပြ ၁၄ ဦးအား ဖမ်းဆီးမိခဲ့ကြောင်း မေ ၇ ရက်၌ သတင်းထုတ်ပြန်သည်။

**ဖမ်းဆီးနိုင်**

ယီမင်ကမ်းရိုးတန်းစောင့်တပ်ဖွဲ့သည် အေဒင်ပင်လယ်ကွေ့ရှိ ဆိုကိုတရာကျွန်းကမ်းလွန်ရေပြင်တွင်ရှိသော ရေယာဉ်တစ်စင်းပေါ်မှ ဆိုမာလီပင်လယ်ဓားပြများအား ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်သည်။ **(ဝဲပုံ)**

အဆိုပါပင်လယ်ဓားပြများအား ယီမင်လုံခြုံရေးတပ်ဖွဲ့သို့ စစ်ဆေးမှုပြုလုပ်ရန်အတွက် လွှဲပြောင်းပေးလိုက်ပြီဖြစ်ကြောင်း ယီမင်အာဏာပိုင်များက ပြောကြားသည်။ ပြီးခဲ့သည့် ဧပြီ ၁၉ ရက်က ယီမင်နိုင်ငံကမ်းလွန်တွင် ဆိုမာလီပင်လယ်ဓားပြများက ယီမင်ငါးဖမ်းသမားကိုးဦးကို ဖမ်းဆီးသွားခဲ့သည်။

**ဖြစ်ပေါ်နေ**

သို့သော် စပိန်စစ်သင်္ဘောတစ်စင်းက ကယ်ဆယ်ခဲ့သဖြင့် ၎င်းငါးဖမ်းသမားများ ပြန်လည်လွတ်မြောက်လာခဲ့သည်။ ယီမင်နှင့် ဆိုမာလီနိုင်ငံအကြား ရေပြင်တွင် နှစ်စဉ်သင်္ဘောများ ၂၅၀၀၀ ခန့်ဖြတ်သန်းလျက်ရှိပြီး သင်္ဘောပြန်ပေးဆွဲအပိုင်စီးမှုများ မကြာခဏဖြစ်ပေါ်နေသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ



## အမေရိကန်လေကြောင်းတိုက်ခိုက်မှုကြောင့် အာဖဂန်အရှေ့မြောက်ပိုင်း၌ အရပ်သားလေးဦးသေဆုံး

**ကဘူးလ် မေ ၇**

အာဖဂန်နစ္စတန်နိုင်ငံအရှေ့မြောက်ပိုင်းရှိ ကက်ပီဆာပြည်နယ်အတွင်းတွင် အမေရိကန်လေကြောင်းတိုက်ခိုက်မှုကြောင့် အနည်းဆုံး အာဖဂန်နစ္စတန်လယ်သမားလေးဦးသေဆုံးကြောင်း မေ ၆ ရက်က အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။

မေ ၅ ရက် နံနက်ပိုင်းက အမေရိကန်လေကြောင်း တိုက်ခိုက်စဉ် သေဆုံးသူ အာဖဂန်နစ္စတန်လယ်သမားများသည် စပါးခင်းများတွင် အလုပ်လုပ်ကိုင်နေကြကြောင်း အာဖဂန်နစ္စတန်တာဝန်ရှိသူများက ပြောကြားသည်။ အာဖဂန်နစ္စတန်အစိုးရနှင့် အမေရိကန်အစိုးရတို့ ပြီးခဲ့သည့် မတ် ၁ ရက်က လုံခြုံရေးဆိုင်ရာသဘောတူစာချုပ် လက်မှတ်ထိုးထားသည့်ကြားမှပင် အမေရိကန်က ထိုဒေသတွင် လေကြောင်းမှ တိုက်ခိုက်ခြင်းဖြစ်သည်ဟုလည်း ၎င်းတို့က ပြောကြားသည်။ **(ဝဲပုံ)** **(အင်တာနက်)**

## အယ်လ်ခိုင်ဒါနှင့်ဆက်စပ်သည့် အကြမ်းဖက်အဖွဲ့ကို မော်ရိုကိုအစိုးရချေမှုန်း

**ရာဘတ် မေ ၇**

မော်ရိုကိုနိုင်ငံ မြို့ကြီးသုံးလေးမြို့တွင် တက်ကြွလှုပ်ရှားသည့် အကြမ်းဖက်ကွန်ရက်တစ်ခုကို ဖြိုခွဲလိုက်ကြောင်း၊ ယင်းအကြမ်းဖက်အဖွဲ့မှာ အယ်လ်ခိုင်ဒါအဖွဲ့နှင့် အဆက်အသွယ်များရှိကြောင်း မော်ရိုကိုနိုင်ငံက ကြေညာသည်။

ယင်းအကြမ်းဖက်ကွန်ရက်အဖွဲ့ကို မော်ရိုကိုမူဂျာဟီဒင်ထိပ်တန်းခေါင်းဆောင်တစ်ဦးက ဦးဆောင်ကြောင်း မော်ရိုကိုပြည်ထဲရေးဝန်ကြီးဌာနက မေ ၅ ရက်၌ထုတ်ပြန်သည့် ကြေညာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

**ဖမ်းဝရမ်းများထုတ်**

ယင်းအကြမ်းဖက်ကွန်ရက်၏ ခေါင်းဆောင်မှာ အကြမ်းဖက်မှုအများအပြားတွင် ပါဝင်ပတ်သက်မှုကြောင့် မော်ရိုကိုနိုင်ငံသာမက နိုင်ငံတကာဖမ်းဝရမ်းများထုတ်ထားရသူဖြစ်ကြောင်း ကြေညာချက်တွင် ဆက်လက်ဖော်ပြထားသည်။ **(အင်တာနက်)**

## ဒူဘိုင်းမြို့တွင် ရေအောက်ဟိုတယ် တည်ဆောက်မည်

**ဒူဘိုင်း မေ ၇**

ယူအေအီးနိုင်ငံ ဒူဘိုင်းနိုင်ငံတွင် ရေအောက်ဇိမ်ခံဟိုတယ်တစ်လုံး တည်ဆောက်ရန် သဘောတူညီမှုစာချုပ်ချုပ်ဆိုပြီးဖြစ်ကြောင်း ဒေသတွင်းမီဒီယာများက မေ ၇ ရက်၌ ဖော်ပြသည်။ **(ယာပုံ)**

ဆောက်လုပ်ရေးကုမ္ပဏီ Drydack World နှင့် ဆွစ်ဇာလန် BIG Invest Consult ကုမ္ပဏီအုပ်စုတို့ ပူးပေါင်းစီစဉ်သည့် ရေအောက်ဟိုတယ်များ တည်ဆောက်ရေးသဘောတူညီမှုတွင် ဒူဘိုင်းမြို့မှ ရေအောက်ကမ္ဘာဟိုတယ် (Water Discus Hotel) လည်း ပါဝင်ကြောင်း သတင်းတွင် ဖော်ပြသည်။ ဒူဘိုင်းရေအောက်ဟိုတယ်ကြီးကို တည်ဆောက်ရာတွင် ရေအောက်တွင် တစ်လွှာနှင့် ရေမျက်နှာပြင်အထက်၌တစ်လွှာဖြင့် နှစ်ထပ်ရေအောက်ဟိုတယ်ကို တည်ဆောက်မည်ဖြစ်သည်။ အဆောက်အအုံအလွှာနှစ်ထပ်စလုံးကို အာကာသယာဉ်ပုံစံဒီဇိုင်းတည်ဆောက်ပြီး ခြေတံရှည်တိုင်ကြီးသုံးတိုင်ဖြင့် ဆက်သွယ်ထားမည်ဖြစ်သည်။



ထိုရေအောက်ဟိုတယ်တွင် အခန်းနှစ်ဆယ့်တစ်ခန်းဖြင့် ဒီဇိုင်းဆင်တည်ဆောက်မည်ဖြစ်ပြီး ရေကူးဒိုင်ဗင်စင်တာတစ်ခုနှင့် စားသောက်ဆိုင်တစ်ဆိုင်တို့ ပါဝင်မည်ဖြစ်သည်။ ဟိုတယ်၏ရေအောက်တွင်ရှိမည့် အဆောက်အအုံအမြင့်မှာ ၃၂ ပေ ရှိကြောင်း သတင်းတွင် ဆက်လက်ဖော်ပြသည်။ **(အင်တာနက်)**

## နိုင်ငံတကာသတင်းအတိုအထွာ ၇-၅-၂၀၁၂

တင်မောင်လွင်-စုစည်းသည်

### ပြင်သစ်သမ္မတရွေးကောက်ပွဲတွင် ဖရန့်ကွိုက်စ်ဟော်လန်ဒီအနိုင်ရ



*ပြင်သစ်ဆိုရှယ်လစ်ဝါဒီ ဖရန့်ကွိုက်စ်ဟော်လန်ဒီသည် ပြင်သစ်နိုင်ငံသမ္မတရွေးကောက်ပွဲ၌ အနိုင်ရရှိခဲ့ကြောင်း မေ ၇ ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။ **(ယာပုံ)***

*မစ္စတာဟော်လန်ဒီသည် မေ ၆ ရက်က ကျင်းပသည့် ပြင်သစ်နိုင်ငံ၏ သမ္မတရွေးကောက်ပွဲတွင် မဲအရေအတွက် ၅၂ ရာခိုင်နှုန်းဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ နီကိုလပ်ဆာကိုဇီသည် ပြင်သစ်နိုင်ငံတွင် ၁၉၈၁ ခုနှစ်နောက်ပိုင်း သမ္မတသက်တမ်း နှစ်ကြိမ်ဆက်တိုက်အနိုင်မရရှိသည့် ပထမဆုံးသမ္မတဖြစ်လာသည်။*

### တောင်ကိုရီးယားနိုင်ငံ၌ ကာရာအိုကေအခန်း မီးလောင်

*တောင်ကိုရီးယားနိုင်ငံတောင်ပိုင်း ဆိပ်ကမ်းမြို့တစ်မြို့ဖြစ်သည့် ဘူစန်မြို့၌ မေ ၅ ရက်က ကာရာအိုကေအခန်းတစ်ခန်း မီးလောင်မှုဖြစ်ပွားပြီး လူကိုးဦးသေဆုံးခဲ့ကာ အခြား ၂၅ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက မေ ၆ ရက်တွင် ပြောကြားသည်။ အဆိုပါမီးလောင်မှုသည် ယင်းနေ့ဒေသစံတော်ချိန် ည ၈ နာရီ ၅၅ မိနစ်က ဘူစန်မြို့လယ်ရှိ ခြောက်ထပ်အဆောက်အအုံတစ်လုံး၏ သုံးထပ်မြောက်ရှိ ကာရာအိုကေအခန်းတစ်ခန်း၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး မီးလောင်မှုကြောင့် ကြီးမားသောမီးခိုးလုံးကြီးများသည် မြေညီထပ်အထိ ကူးစက်ပျံ့နှံ့ခဲ့ကြောင်း ဒေသရဲတပ်ဖွဲ့က ပြောကြားသည်။ မီးစတင်လောင်ကျွမ်းချိန်တွင် အဆောက်အအုံအပေါ်ထပ်၌ လူဒါဇင်ပေါင်းများစွာရှိနေပြီး နောက်ပိုင်းမှသာ ကယ်ဆယ်ရေးများ ပြုလုပ်နိုင်ခဲ့သည်။ သို့သော်လည်း လူကိုးဦးမှာ လွတ်မြောက်ရန်ကြိုးစားသော်လည်း အဆိပ်ဖြစ်စေသောဓာတ်ငွေ့များရှူရှိုက်မိသောကြောင့် နောက်ဆုံး၌ သေဆုံးခဲ့ရသည်။*

### အာဖဂန်စစ်ဆင်ရေး၌ တာလီဘန်တပ်မှူး ၁၇ ဦး ချေမှုန်းခံရ

*အာဖဂန်နစ္စတန်နိုင်ငံ မြို့တော်ကဘူးလ်တောင်ဘက် ၅၅၅ ကီလိုမီတာအကွာ ဟဲမန်ပြည်နယ်၌ တာလီဘန်တပ်မှူး ၁၇ ဦးကို အာဖဂန်နစ္စတန်လုံခြုံရေးတပ်များက နှစ်ရက်အတွင်း ချေမှုန်းသုတ်သင်လိုက်ကြောင်း အရာရှိများက မေ ၆ ရက်တွင် ပြောကြားသည်။ စစ်ဆင်ရေးများအတွင်း မာဂျာ၊ နက်အလီနှင့် ဂီရက်ခရိုင်များမှ တာလီဘန်တပ်မှူး ၁၇ ဦးတို့ကို လုံခြုံရေးတပ်များက တိုက်ခိုက်ချေမှုန်းခြင်းဖြစ်သည်ဟု အမည်မဖော်လိုသူ လုံခြုံရေးအရာရှိတစ်ဦးက ဆင်ဟွာသို့ ပြောကြားသည်။ ပြည်နယ်အတွင်းရှိ အစိုးရပစ်မှတ်များကိုတိုက်ခိုက်ရန် ထိုတာလီဘန်တပ်မှူးများက စီစဉ်သော်လည်း ထောက်လှမ်းရေးသတင်းအရ လုံခြုံရေးတပ်က ၎င်းတို့ကို အချိန်မီသုတ်သင်လိုက်ခြင်းဖြစ်သည်ဆို၏။ **(အင်တာနက်)***

# စစ်တောင်းတံတား(နတ်သံကွင်း) တည်ဆောက်ခြင်းလုပ်ငန်းများ
## ဒုတိယဝန်ကြီး ဦးကျော်လွင် ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၇**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လွင်သည် မေ ၆ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင်အမှတ် (၁၁၅) အနီး မြန်မာနိုင်ငံကြက်ခြေနီအသင်း ရှေးဦးသူနာပြုစခန်းတည်ဆောက်ရန် လျာထားသည့်နေရာကို ကြည့်ရှုစစ်ဆေးပြီး ဖြူး-ပဲနွယ်ကုန်း-ကျောက်ကြီးလမ်းမှတစ်ဆင့် တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၂)က တာဝန်ယူတည်ဆောက်လျက်ရှိသည့် စစ်တောင်းတံတား(နတ်သံကွင်း) လုပ်ငန်းခွင်သို့သွားရောက်၍ ချဉ်းကပ်လမ်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် တံတားလုပ်ငန်းပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

◆ *ကျောဖုံးမှ*

*ပညာသင်ကြားနေသော အနုပညာရှင်များအား ထောက်ပံ့ပေးမည်ဖြစ်ကြောင်း လေဒီဂါဂါက ပြောကြားသည်။*

**ဝယ်ယူခဲ့**

*၄င်းလက်ဖက်ရည်ပန်းကန်ကို ယိုရှိကီဂျပန်ရှေ့ခ်တီးဝိုင်းအဖွဲ့က ဝယ်ယူခဲ့ခြင်းဖြစ်သည်။ ယင်းတီးဝိုင်းအဖွဲ့က အဆိုပါလက်ဖက်ရည်ပန်းကန်ကို ကာဖိုင်းခရစ္စတယ်စန္ဒရားကြီးတွင် တန်ဖိုးရှိအလှဆင်ပစ္စည်းအဖြစ် အသုံးပြုမည်ဟုဆိုသည်။* ***(အင်တာနက်)***



● *ကျောဖုံးမှ*

ရုံးဆင်းချိန်၊ ဈေးပြန်ချိန်၊ အများပြည်သူများ အိမ်ပြန်ချိန်ဖြစ်၍ မှတ်တိုင်များတွင် ခရီးသွားများစုပြုံလျက် တွေ့ရသည်။ ကြည့်မြင်တိုင်အပြန်လမ်းတစ်လျှောက် ပန်းဘဲတန်း၊ လသာ၊ လမ်းမတော်မြို့နယ်တစ်လျှောက် ယာဉ်ကြောများ ခေတ္တပိတ်ဆို့သွားခဲ့သည်။

# အပြည်ပြည်ဆိုင်ရာ မြို့ပြရှာဖွေရေးနှင့် ကယ်ဆယ်ရေးသင်တန်းဆင်း

**ရေး မေ ၇**

မွန်ပြည်နယ် ရေးမြို့နယ် မီးသတ်ဦးစီးဌာနက (၂/၂၀၁၂) အပြည်ပြည်ဆိုင်ရာ မြို့ပြရှာဖွေရေးနှင့် ကယ်ဆယ်ရေးသင်တန်းဆင်းပွဲ အခမ်းအနားကို ဧပြီ ၂၉ ရက် ညနေ ၃ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

**ပေးအပ်**

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းနိုင်ဝင်းက သင်တန်းဆင်း အမှာစကားပြောကြားသည်။ **(ဓါတ်ပုံ)** ဆက်လက်၍ သင်တန်းဆင်းလက်မှတ်များကို ပြည်နယ်ဝန်ကြီး ဦးနိုင်လဝီအောင်က လည်းကောင်း၊ ဂုဏ်ပြုမှတ်တမ်းလွှာများ၊ အရန်မီးသတ် စိစစ်ရေးကတ်ပြားနှင့် တာဝန်အပ်နှင်းလွှာများကို မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် မြို့နယ်မီးသတ်ဦးစီးမှူးတို့က လည်းကောင်း ပေးအပ်ကြကြောင်း သိရှိရသည်။ **(မီးသတ်ဦးစီးဌာန)**

# သံအမတ်ကြီး ဦးစိုးနွယ်အား ဂျာမနီနိုင်ငံ သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်

**နေပြည်တော် မေ ၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ဆားဗီးယားသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးစိုးနွယ်အား ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

# သံအမတ်ကြီး ဦးမင်းလွင်အား အင်ဒိုနီးရှားနိုင်ငံ သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်

**နေပြည်တော် မေ ၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမင်းလွင်အား အင်ဒိုနီးရှားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

# ဦးဇော်ထွန်းအား ဆားဗီးယားသမ္မတနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် ခန့်အပ်

**နေပြည်တော် မေ ၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ဦးဇော်ထွန်းအား ဆားဗီးယားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

# မိုးစပါးစိုက်ပျိုးရာသီ ရေကြီးကွင်း ရေနုတ်ကွင်းများ၌ ရေလွှမ်းနစ်မြုပ်မှုကြောင့် စပါးစိုက်ပျိုးမှု မထိခိုက်စေရေးဆောင်ရွက်ရန် တောင်သူလယ်သမားများသို့ နှိုးဆော်ချက်

၁။ ပြည်နယ်နှင့်တိုင်းဒေသကြီးများရှိ အချို့သောနေရာဒေသများသည် မိုးရွာသွန်းမှုကြောင့် ရေကြီးခြင်း၊ ရေလွှမ်းနစ်မြုပ်ခြင်းများ ဖြစ်ပေါ်ပြီး မိုးစပါးစိုက်ခင်းများ နစ်မြုပ်ပျက်စီးမှုများ ဖြစ်ပေါ်တတ်ပါသည်။
၂။ ယင်းသို့ ဖြစ်ပေါ်ကြုံတွေ့လာပါက စပါးစိုက်ပျိုးထုတ်လုပ်မှု ထိခိုက်ခံရခြင်း လျော့နည်းစေရန် အောက်ပါလုပ်ငန်းရပ်များကို ကြိုတင်ဆောင်ရွက်ထားကြရပါမည်။
၃။ ဒေသနှင့် ကိုက်ညီဖြစ်ထွန်းသော သက်တမ်းတိုစပါးမျိုးများကို အရန်မျိုးအဖြစ် ကြိုတင်စုဆောင်းထားရှိရန်။
၄။ ကုန်းမြင့်သောနေရာများတွင် အရန်ပျိုးခင်းများအား ပျိုးထောင်ထားရန်။
၅။ ရေကြီးနစ်မြုပ်ပျက်စီးသော စိုက်ခင်းများကို အရန်ပျိုးခင်းမှ ပျိုးပင်များနှင့် ပျက်စီးမှုမရှိသော စိုက်ပျိုးပြီးစပါးခင်းများမှ ထွက်ရှိလာသည့် ပင်ပွားများမှ ပျိုးပင်ရယူပြီး သားတက်ရယူ၍ သားခွဲစနစ်ဖြင့် ပြန်လည်စိုက်ပျိုးကြရန်။
၆။ ရေကြီးနစ်မြုပ်မှုဖြစ်ပေါ်သော စိုက်ခင်းနေရာများတွင် ပိုးမွှားရောဂါများ ကျရောက်မှုအလွယ်တကူ ဖြစ်ပွားတတ်သဖြင့် ပြန်လည်စိုက်ပျိုးပြီးသော စိုက်ခင်းများကို ပိုးမွှားရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ရန်။
၇။ စိုက်ခင်းသစ်များ ကြီးထွားဖွံ့ဖြိုးမှု ပိုမိုကောင်းမွန်ရေးအတွက် လိုအပ်သော သွင်းအားစု (ဓာတ်မြေသြဇာ၊ သဘာဝမြေသြဇာ) များကို အချိန်ကိုက် အချိုးကျ ထည့်သွင်းပေးရန်။
၈။ အခြားလိုအပ်သော အကူအညီများကို သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၊ ပြည်နယ်/တိုင်းဒေသကြီးနှင့် ခရိုင်မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များနှင့်ညှိနှိုင်းဆက်သွယ်၍ အကူအညီရယူဆောင်ရွက်ရန်။

**လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

# နောင်ချို၌ ငွေစုငွေချေး သမဝါယမအသင်းဖွဲ့စည်း

**နောင်ချို မေ ၇**

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျော့နည်းပပျောက်ရေး အစီအစဉ်အရ သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နောင်ချိုမြို့တွင် အစိုးရဝန်ထမ်းများပါဝင်သော မြတ်ရတနာ ငွေစုငွေချေး သမဝါယမအသင်းလီမိတက်ဖွဲ့စည်းခြင်းကို ဧပြီ ၂၃ ရက်က မြို့နယ်သမဝါယမဦးစီးဌာနရုံးခန်းမ၌ ကျင်းပရာ မြို့နယ်သမဝါယမဦးစီးအရာရှိ ဦးဘနန်းက အသင်းဖွဲ့စည်းခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး **(ယာပုံ)** ဒါရိုက်တာအဖွဲ့ ခုနစ်ဦး ရွေးချယ်ဖွဲ့စည်းခဲ့ကြောင်း သိရသည်။ **(မြို့နယ်သမဝါယမ)**



နိုင်ငံတကာသတင်းမြင်ကွင်း နိုင်ငံတကာသတင်းမြင်ကွင်း နိုင်ငံတကာသတင်းမြင်ကွင်း

# ဒိုင်နိုဆောသွေးစုပ်သည့် သန်းမွှားရုပ်ကြွင်းတွေ့ရှိ

**နယူးယောက် မေ ၇**

မည်သည့်သတ္တဝါမဆို သန်းမွှားတို့၏ နှိပ်စက်ခြင်းကို ခံစားရကြောင်း၊ ရှေးနှစ်ပေါင်း သန်း ၁၆၀ က ရှင်သန်ခဲ့သော ဒိုင်နိုဆောသတ္တဝါကြီးများသည်ပင် သန်းမွှားများကိုက်သည့် ဒုက္ခမှ မလွတ်ကင်းခဲ့ကြောင်း အမေရိကန် သတ္တဗေဒပညာရှင်တစ်ဦးက မေ ၆ ရက်တွင် ပြောကြားခဲ့သည်။

အတွင်းမွန်ဂိုလီးယားဒေသတွင်း တရုတ်သိပ္ပံပညာရှင်များ ဖော်ထုတ်တွေ့ရှိခဲ့သော ရှေးအင်းဆက်ရုပ်ကြွင်းနှင့်ပတ်သက်ပြီး အမေရိကန်အော်ရီဂွန်တက္ကသိုလ်မှ သတ္တဗေဒ ပါမောက္ခ ဂျော့ပွိုင်နာက ယခုကဲ့သို့ ၄င်း၏စာတမ်းတွင် ရေးသားဖော်ပြခြင်းဖြစ်သည်။

**ရှည်လျားလှ**

တရုတ်သိပ္ပံပညာရှင်များတွေ့ရှိသည့် သန်းမွှားကျောက်ဖြစ်ရုပ်ကြွင်း **(အောက်ပုံ)** သည် လက်ရှိ ခေတ်ခွေးများ၏ ကိုယ်တွင်ရှိသော ခွေးသန်းတို့ထက် ဆယ်ဆမက ကြီးမားကြောင်း၊ သွေးစုပ်နှာတံမှာလည်း ရှည်လျားလှကြောင်း ပါမောက္ခဂျော့က စာတမ်းတွင် ရေးသားဖော်ပြခဲ့သည်။



**မျိုးသုဉ်းပျောက်ကွယ်**

ပါမောက္ခဂျော့၏ စာတမ်းတွင် ယနေ့ခေတ်တွင် ရှင်သန်ကျန်ရစ်သော သန်းမွှားများသည် ဆင့်ကဲဖြစ်စဉ်အရ ယခုတွေ့ရှိသည့် အင်းဆက်ရုပ်ကြွင်းမှ ဆင်းသက်ပေါက်ဖွားလာဖွယ်ရှိကြောင်း၊ မျိုးပွားများ ကွဲပြားသွားခဲ့ပြီးနောက် မျိုးသုဉ်းပျောက်ကွယ်ခဲ့ခြင်းဖြစ်ကြောင်း ရေးသားထားသည်။

ရှည်လျားသည့်နှာတံများပါရှိသည့် အဆိုပါအင်းဆက်ရုပ်ကြွင်းသည် ဒိုင်နိုဆောသတ္တဝါကြီးများ၏ သွေးကို သောက်သုံးခဲ့သော သန်းမွှားဖြစ်မည်ဖြစ်ပြီး ယနေ့ခေတ် သန်းမွှားများမှာ ထိုမျှလောက် ခန္ဓာကိုယ်မကြီးထွားသည်က လူတို့အနေဖြင့် သဘာဝ လောကကိုသာ ကျေးဇူးတင်ဖို့ရှိကြောင်း ဂျော့က ဆက်လက်ရေးသားဖော်ပြခဲ့သည်။ **(အင်တာနက်)**

# ဟောင်ကောင်တွင် ဓာတ်ခွဲစစ်ဆေးလျက်ရှိသော ငှက်အသေကောင်၌ H5N1 ရောဂါပိုးတွေ့ရှိ



ဇော်ဦးခိုင် ရေးသားသည်

**ဟောင်ကောင် မေ ၇**

ဟောင်ကောင်တွင် ဧပြီ ၂၇ ရက်က တွေ့ရှိခဲ့သော သာလိကာငှက်သေတစ်ကောင်ကို အမျိုးမျိုးသော ဓာတ်ခွဲစမ်းသပ်မှုများ ပြုလုပ်ပြီးနောက် H5N1 ရောဂါပိုး တွေ့ရှိကြောင်း စိုက်ပျိုးမွေးမြူရေး၊ ငါးလုပ်ငန်းနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဌာန (AFCD) က မေ ၇ ရက်တွင် အတည်ပြုသည်။ **(ဓါတ်ပုံ)**

ဟောင်ကောင်တွင် အများအပြားတွေ့ရသည့် အမောက်ပါ သာလိကာငှက်များမှ ငှက်တစ်ကောင် သေဆုံးနေသည်ကို ဟွန်လောင်းမြို့ ဆန်တာမိုနီကာ ရိပ်သာလမ်း၌ ဧပြီ ၂၇ ရက်က တွေ့ရှိခဲ့ခြင်းဖြစ်ပြီး ကောက်ယူခဲ့ကာ ဓာတ်ခွဲစစ်ဆေးခဲ့ခြင်းဖြစ်သည်။

**သေချာစွာစစ်ဆေး**

ထိုငှက်အသေကောင်တွင် H5N1ရောဂါပိုးတွေ့ရှိရသဖြင့် (AFCD) ဌာနမှ တာဝန်ရှိသူများ ကြက်ငှက်မွေးမြူရေးလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးမှုပြုလုပ်မည် ဖြစ်ကြောင်း၊ ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်မှုများ ဆောင်ရွက်ထားခြင်း ရှိ မရှိ သေချာစွာစစ်ဆေးသွားမည်ဖြစ်ကြောင်း သတင်းတွင် ဆက်လက်ဖော်ပြသည်။ **(အင်တာနက်)**

# အာဖဂန်နစ္စတန်နိုင်ငံတွင် ရေကြီးရေလျှံမှုဖြစ် သေဆုံးသူ ၂၅ ဦးရှိ ၁၀၀ ကျော်ပျောက်ဆုံး

**ကဘူးလ် မေ ၇**

အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်း ဆာရီပူပြည်နယ်အတွင်း၌ မေ ၆ ရက် ညပိုင်းက ရေလွှမ်းမှုဖြစ်ပွားရာတွင် ဝမ်းနည်းဖွယ်ကောင်းသော လူသေဆုံးမှုများ ဖြစ်ပွားခဲ့ကြောင်း၊ မင်္ဂလာဆောင်အထိမ်းအမှတ်ညှော်ခံပွဲကျင်းပလျက်ရှိစဉ် ရေလွှမ်းမှုကြုံတွေ့သဖြင့် ညှော်ခံပွဲရှိလူ ၂၅ ဦးသေဆုံးခဲ့ကြောင်း၊ အိမ်ခြေအချို့လည်း ပျက်စီးမှုဖြစ်ခဲ့ကြောင်း ပြည်နယ်ရေးရာစီမံခန့်ခွဲရေးဌာန ပြောရေးဆိုခွင့်ရှိသူ ဒီဟာတီက ပြောကြားသည်။

ဖြစ်ပွားခဲ့သည်မှာ ဆန်ဂါချာရတ်ခရိုင် ဒါဟာဒါကျေးရွာ၌ဖြစ်ပြီး မင်္ဂလာညှော်ခံပွဲ ကျင်းပနေစဉ် ရုတ်တရက် ရေကြီးရေလျှံမှုများဖြစ်ပွားသဖြင့် ညှော်ခံပွဲတွင်ရှိသော ရွာသူရွာသားများစွာ အဖြစ်ဆိုးကြုံတွေ့ခဲ့ရကြောင်း၊ ယခုအထိ ရှာဖွေမှုများပြုလုပ်လျက်ရှိရာတွင် လူသေလောင်း ၂၅ လောင်းကို တွေ့ရှိကြောင်း ဒီဟာတီကဆင်ဟွာသတင်းဌာနသို့ ပြောကြားခဲ့သည်။ အဆိုပါ သဘာဝရေဘေးအတွင်း ပျောက်ဆုံးနေသူ ၁၀၀ ကျော် ရှိနိုင်သည်ဟု ဒေသအတွင်း တာဝန်ရှိသူများက ခန့်မှန်းထားကြောင်း သတင်း၌ ဆက်လက်ဖော်ပြသည်။ **(အင်တာနက်)**

မောင်မောင်မြင့်ဆွေ - စုစည်းသည်



# အီတလီစီးရီးအေဖလား ဂျူဗင်တပ်စ်တို့ ဆွတ်ခူးနိုင်ပြီ

ရောမ မေ ၇

အီတလီစီးရီးအေဘောလုံးပြိုင်ပွဲ ပွဲစဉ် (၃၇)ကို မေ ၇ ရက် နံနက်က ယှဉ်ပြိုင်ကစားရာ ကာဂလီယာရီနှင့် ဂျူဗင်တပ်စ်တို့ပွဲတွင် ဂျူဗင်တပ်စ်က နှစ်ဂိုးပြတ်ဖြင့် နိုင်ခဲ့သည်။ တန်းစီဇယား ဒုတိယနေရာမှ အေစီမီလန်က အဝေးကွင်း၌ အင်တာမီလန်ကို လေးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သဖြင့် ယခုနှစ်ဘောလုံးရာသီ၌ ဂျူဗင်တပ်စ်တို့ အီတလီစီးရီးအေချန်ပီယံဖြစ်သွားပြီဖြစ်သည်။ **(အပေါ်ပုံ)**

ဂျူဗင်တပ်စ်အသင်းသည် အနိုင်ရရှိရေးကြိုးစားခဲ့ရာ ပွဲချိန်ခြောက်မိနစ်၌ မာကိုဗူစီနစ်က အဖွင့်ဂိုးသွင်းယူနိုင်ခဲ့သည်။ ဒုတိယဂိုးကို ပွဲချိန် ၇၄ မိနစ်၌ ကာဂလီယာရီမှ ကာနီနီက ဘောလုံးရှင်းထုတ်ရင်း ဂိုးဝင်သွားသဖြင့် ဂျူဗင်တပ်စ်တို့က နှစ်ဂိုးပြတ်ဖြင့် နိုင်ပွဲရရှိခဲ့သည်။

**ဆွတ်ခူးနိုင်**

နောက်ထပ်ပွဲစဉ်ဖြစ်သည့် အင်တာမီလန်နှင့် အေစီမီလန်တို့ပွဲတွင် အင်တာမီလန်က လေးဂိုး-နှစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။ ထို့ကြောင့် အေစီမီလန်တို့ရှုံးပွဲကြုံခဲ့ရာ တန်းစီဇယားထိပ်ဆုံးမှ ဂျူဗင်တပ်စ်နှင့်ပွဲတူ လေးမှတ်ကွာခြားသွားသဖြင့် ယခုနှစ်ဘောလုံးရာသီအတွက် ဂျူဗင်တပ်စ်တို့ စီးရီးအေဖလားကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ဂျူဗင်တပ်စ်အသင်းသည် စီးရီးအေဖလားကို ၂၀၀၂ ခုနှစ် နောက်ပိုင်း ပထမဆုံးအကြိမ် ပြန်လည်ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။ ဂျူဗင်တပ်စ်အသင်းသည် ယခုနှစ်စီးရီးအေဖလားရရှိခြင်းမှာ စုစုပေါင်း (၂၈)ကြိမ်မြောက် ဆွတ်ခူးရရှိခြင်းဖြစ်သည်။ ထို့အတူ စီးရီးအေဘောလုံးသမိုင်း၌ အကြိမ်အများဆုံးဖလား ရယူနိုင်သည့်အသင်းအဖြစ် ဆက်လက်ရပ်တည်နိုင်ခဲ့သည်။

အီတလီစီးရီးအေတွင် ဒုတိယအများဆုံးဖလားဆွတ်ခူးနိုင်သည့်အသင်းများမှာ အေစီမီလန်နှင့် အင်တာမီလန်တို့ဖြစ်ပြီး စုစုပေါင်း (၁၈)ကြိမ်စီ ဆွတ်ခူးရရှိထားကြသည်။ **(အင်တာနက်)**

# မက်ဒရစ်အိုးပင်းတင်းနစ်ပြိုင်ပွဲ ရှာရာပိုဗာနိုင်ပွဲရပြီး နောက်တစ်ဆင့် တက်ရောက်





*မက်ဒရစ် မေ ၇*

*စပိန်နိုင်ငံ မက်ဒရစ်မြို့တွင် ကျင်းပလျက်ရှိသော မက်ဒရစ်အိုးပင်းတင်းနစ်ပြိုင်ပွဲ၏ မေ ၇ ရက်က ယှဉ်ပြိုင်သော အမျိုးသမီးတစ်ဦးချင်းပထမအဆင့်ပွဲစဉ်တွင် ရှာရာပိုဗာက ရိုမေးနီးယားတင်းနစ်မယ် ဘီဂူအားအနိုင်ရရှိပြီး ဒုတိယအဆင့် တက်ရောက်သွားသည်။*

*ရှာရာပိုဗာသည် ဘီဂူအား ၆-၀၊ ၆-၂ ဖြင့်နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ ရှာရာပိုဗာသည် ဘီဂူအား တန်ပြန်ရိုက်ချက်များထိရောက်ပြင်းထန်စွာ ရိုက်နိုင်ခဲ့သဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ တစ်ဖန် ဒိန်းမတ်တင်းနစ်မယ် ဝေါ့ဇ်ဇနီယာစကီက ကာဇက်စတန်တင်းနစ်မယ် ပါဗက်အား ၇-၆(၉-၇)၊ ၃-၆၊ ၆-၄ ဖြင့် နိုင်ပွဲရရှိခဲ့သည်။*

*ထို့အတူ ဂျာမနီတင်းနစ်မယ် အင်ဂီလီကွီဒါဘာက ဆွီဒင်တင်းနစ်မယ် လာဆင်အား ၆-၁၊ ၆-၄ ဖြင့်နိုင်ပွဲရရှိခဲ့သည်။ တစ်ဖန်ရုရှားတင်းနစ်မယ် ပက်ထရိုဗာက အမေရိကန်တင်းနစ်မယ် ဗာနီရာကင်းအား ၄-၆၊ ၆-၃၊ ၆-၁ ဖြင့် နိုင်ပွဲရရှိခဲ့သည်။* *(အင်တာနက်)*



# ရီးရဲမက်ဒရစ်၌ ဆက်လက်ကစားမည့် ကွင်းလယ်ကစားသမား ကာကာ

**ရီယိုဒီဂျနေးရိုး မေ ၇**

ရီးရဲမက်ဒရစ်ကွင်းလယ်ကစားသမား ကာကာက မိမိသည် လာမည့်ဘောလုံးရာသီ၌ ရီးရဲမက်ဒရစ်အသင်း၌ပင် ဆက်လက်ကစားလိုသောဆန္ဒရှိကြောင်း မေ ၇ ရက်က ထုတ်ဖော်ပြောကြားလိုက်သည်။

အသက် ၃၀ အရွယ်ရှိ ဘရာဇီးနှင့် ရီးရဲမက်ဒရစ်ကွင်းလယ်ကစားသမား ကာကာ **(ဝဲပုံ)** သည် နည်းပြမော်ရင်ဟိုလက်အောက်တွင် အရန်ဘောလုံးသမားအဖြစ်သာ ပါဝင်ကစားခွင့် ရရှိနေသူဖြစ်သည်။ ကာကာအား ထိုကဲ့သို့အခြေအနေမျိုးကြောင့် ရီးရဲမက်ဒရစ်မှ ထွက်ခွာပါက ပြင်သစ်ကလပ် ပဲရစ်စိန့်ဂျာမိန်းအသင်းက ခေါ်ယူရန်ကြိုးစားလျက်ရှိချိန်တွင် ကာကာက ရီးရဲမက်ဒရစ်၌သာ ကစားလိုကြောင်း ထုတ်ဖော်ပြောကြားခြင်းဖြစ်သည်။

သို့သော် လာမည့်ဘောလုံးရာသီ၌ ရီးရဲမက်ဒရစ်အသင်းတွင် ပုံမှန်ကစားခွင့်ရရှိရန် မိမိဆန္ဒရှိကြောင်း၊ ပုံမှန်ပွဲထွက်ခွင့်ရရှိရန် မိမိမျှော်လင့်ကြောင်း ကာကာက ပြောကြားသည်။ မိမိယခုထက်ပိုမိုကြိုးစားမှသာ ရီးရဲမက်ဒရစ်၌ ရပ်တည်နိုင်မည်ကိုသိရှိကြောင်း၊ စိန်ခေါ်မှုများစွာ ရှိနေကြောင်း ကာကာက ထပ်မံပြောကြားသည်။ ကာကာသည် ဖီဖာ၏ တစ်နှစ်တာအကောင်းဆုံး ဘောလုံးသမားဆုရရှိခဲ့ဖူးသည့် ကစားသမား ဖြစ်သော်လည်း ပြီးခဲ့သည့်လက ကစားခဲ့သော ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲ၌ ဘိုင်ယန်မြူးနစ်အသင်းဘက်သို့ ပယ်နယ်တီကန်သွင်းရာတွင် လွဲချော်ခဲ့သူဖြစ်သည်။ **(အင်တာနက်)**

မြင့်မောင်စိုး - စုစည်းသည်



မန်ယူနည်းပြ ဖာဂူဆန်



ကျူပီအာနည်းပြ မတ်ဟွတ်ချ်



မန်စီးတီးနည်းပြ မန်စီနီ

# ပရီမီယာလိဂ်ဖလားလုပွဲ မပြီးသေး နည်းပြကြီးသုံးဦး အခိုင်အမာပြောကြား

**လန်ဒန် မေ ၇**

မန်စီးတီးက ဂိုးကွာခြားချက်ဖြင့် ဖလားဆွတ်ခူးနိုင်သော်လည်း ကျူပီအာ ကူညီပေးလျှင် မန်ယူဖလားရနိုင်ကြောင်း မန်ယူနည်းပြ ဖာဂူဆန်က ပြောကြားသည်။

မန်စီးတီးအသင်းသည် ရာသီပိတ်ပွဲအဖြစ် မတ်ဟွတ်ချ်၏ ကျူပီအာကို ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ပြိုင်ပွဲတွင် မန်စီးတီးအနိုင်ရပါက ၄၄ နှစ်အတွင်း ပထမဆုံးပရီမီယာလိဂ်ဖလားကို ဆွတ်ခူးနိုင်မည်ဖြစ်သည်။

သို့သော်လည်း ကျူပီအာအသင်းသည် တန်းဆင်းဇုန်လွတ်မြောက်ရေးအတွက် တိုက်ပွဲဝင်နေသည့် အသင်းဖြစ်သည်။ တန်းဆင်းဇုန်လွတ်မြောက်ရေးအတွက် ရမှတ်တစ်မှတ်လိုနေသည်။ မန်စီးတီးနှင့်ပွဲတွင် ယင်းတစ်မှတ်ကိုအရယူရန် ကျူပီအာအကြိတ်အနယ် ကြိုးစားလိမ့်မည်ဖြစ်သည်။ ထို့ကြောင့်လာမည့်လက်ကျန်ပွဲသည် ဖလားလုပွဲအတွက် အရေးကြီးဆုံးပွဲဖြစ်ကြောင်း၊ မန်ယူတိုက်စစ်မှူးဟောင်း မတ်ဟွတ်ချ်က ကူညီပေးနိုင်လိမ့်မည်ဟု ယုံကြည်မိကြောင်း မန်ယူနည်းပြဖာဂူဆန်က ပြောကြားသည်။

မန်စီးတီးအသင်းအနေဖြင့် နောက်ဆုံးပြိုင်ပွဲတွင် သတိထားပြီး အကောင်းဆုံးပြိုင်ပွဲဝင်အနိုင်ရဖို့ လိုအပ်မည်ဖြစ်ကြောင်း၊ နယူးကာဆယ်ကို အနိုင်ရလိုက်ခြင်းကြောင့် ဖလားရပြီလို့ မဆိုနိုင်ကြောင်း၊ ဖလားလုပွဲသည် နောက်ဆုံးပြိုင်ပွဲအထိ အသက်ရှိနေဆဲဖြစ်ကြောင်း မန်စီးတီးနည်းပြ မန်စီနီက ၎င်း၏ ကစားသမားများကို သတိပေးပြောကြားခဲ့သည်။ **(အင်တာနက်)**



# မန်စီးတီးအသင်း နှစ်ပေါင်း ၄၄ နှစ်အတွင်း ပရီမီယာလိဂ်ဖလားချိန်ရွယ်

**လန်ဒန် မေ ၇**

မန်စီးတီးက အခက်ခဲဆုံးပြိုင်ပွဲတစ်ပွဲဖြစ်သည့် နယူးကာဆယ်ကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရပြီးနောက် နှစ်ပေါင်း ၄၄ နှစ်အတွင်း ပထမဆုံး ပရီမီယာလိဂ်ဖလားဆွတ်ခူးရန် လက်တစ်ကမ်းအလိုသို့ ရောက်ရှိသွားပြီဖြစ်သည်။

**သွင်းယူပေး**

မန်စီးတီးအသင်းအတွက် အနိုင်ဂိုးနှစ်ဂိုးစလုံးကို အိုင်ဗရီကို့စ်ကွင်းလယ်ကစားသမား ယာယာတိုရေး **(အပေါ်ပုံ)** က ပွဲပြီးရန် မိနစ် ၂၀ အလိုတွင် သွင်းယူပေးသွားခြင်းဖြစ်သည်။

**ရရှိတော့မည်**

မန်စီးတီးအသင်းသည် လာမည့် မေ ၁၃ ရက်တွင် ကျူပီအာအသင်းကို ရာသီပိတ်ပြိုင်ပွဲအဖြစ် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မန်စီးတီးက အိမ်ကွင်းတွင် ကျူပီအာကို အနိုင်ကစားနိုင်ပါက ပရီမီယာလိဂ်ဖလားကို လက်ဝယ်ပိုင်ဆိုင် ရရှိတော့မည်ဖြစ်သည်။ **(အင်တာနက်)**

## အားကစားသတင်းအတိုအထွာ အားကစားသတင်းအတိုအထွာ

- *ချယ်လ်ဆီးတိုက်စစ်မှူး ဒရော့ဂ်ဘာသည် အက်ဖ်အေဖလားရအောင် ကစားပေးနိုင်ခဲ့သဖြင့် ချယ်လ်ဆီးက စာချုပ်သစ်ချုပ်ဆိုရန် ကမ်းလှမ်းရမည်ဖြစ်ကြောင်း ကွင်းလယ်ကစားသမား လမ်းပတ်က တိုက်တွန်းလိုက်သည်။ လီဗာပူးနှင့်ကစားသည့် အက်ဖ်အေဖလားဗိုလ်လုပွဲတွင် အနိုင်ဂိုးသွင်းယူပေးသည့် ဒရော့ဂ်ဘာသည် အက်ဖ်အေဖလားဗိုလ်လုပွဲတွင် လေးကြိမ်မြောက် ဂိုးသွင်းယူသည့် ပထမဆုံး တိုက်စစ်မှူးဖြစ်လာသည်။*
- *အီတလီဂေါက်သီးကစားသမား ဖရန်ဆက်ကိုမိုလီနာရီသည် မတ် ၆ ရက်က စပိန်အိုးပင်း ဂေါက်သီးရိုက်ပြိုင်ပွဲတွင် သတ်မှတ်ရိုက်ချက်ထက် ရှစ်ချက်လျှော့ရိုက်ပြီး ဖလားဆွတ်ခူးသွားခဲ့သည်။ ယင်းဆုဖလားသည် မိုလီနာရီအတွက် တတိယမြောက် ဥရောပပြိုင်ပွဲဖလားဖြစ်သည်။*
- *မြောက်အိုင်ယာလန်ဂေါက်သီးကစားသမား မက်ရွိုင်းသည် ကွိုင်ဟောလိုကလပ်ဂေါက်သီးပြိုင်ပွဲ၌ အမေရိကန် ဂေါက်သီးကစားသမား ရစ်ကီးဖော်လာအား ကျင်းပိုကစားပြီး ရှုံးသွားခဲ့သော်လည်း ကမ္ဘာ့နံပါတ်တစ်ဂေါက်သီးကစားသမားအဖြစ် ဆက်လက်ရပ်တည်နိုင်ခဲ့သည်။ ယင်းတို့နှစ်ဦးသည် အဆိုပါပြိုင်ပွဲတွင် ၁၄ ချက်စီ လျှော့ရိုက်ခဲ့သဖြင့် ကျင်းပိုကစားခဲ့ရခြင်းဖြစ်သည်။*
- *အိုလံပစ်အားကစားပြိုင်ပွဲတွင် နိုင်ငံအတွက် ရွှေတံဆိပ်ဆု ဆွတ်ခူးပေးခြင်းသည် တင်းနစ်လောကတွင် အကြီးမားဆုံးအောင်မြင်မှုဖြစ်ကြောင်း စပိန်တင်းနစ်ကစားသမား ရာဖေးလ်နာဒယ်က ပြောကြားသည်။ ရာဖေးလ်နာဒယ်သည် လွန်ခဲ့သော လေးနှစ်က ပေကျင်းအိုလံပစ်တွင် စပိန်နိုင်ငံအတွက် ရွှေတံဆိပ်ဆု ဆွတ်ခူးပေးနိုင်ခဲ့သည်။ ၎င်းသည် လာမည့်လန်ဒန်အိုလံပစ်တွင် နိုင်ငံအတွက် ရွှေတံဆိပ် ဆွတ်ခူးပေး နိုင်ရန် ကြိုးစားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။* *(အင်တာနက်)*

# ဆစ်ဆေး၏ နောက်ကျဂိုးဖြင့် ကျူပီအာ တန်းဆင်းလွတ်မြောက်လာ

**လန်ဒန် မေ ၇**

ကျူပီအာအသင်းနှင့် စတုတ်အသင်းတို့သည် မေ ၆ရက် ညပိုင်းက ပရီမီယာလိဂ်ပွဲစဉ်(၃၇)အဖြစ် ယှဉ်ပြိုင်ကစားကြရာ လူစားဝင်လာသူဆစ်ဆေး၏ တစ်လုံးတည်းသောသွင်းဂိုးကြောင့် ကျူပီအာတို့ ပရီမီယာလိဂ်တန်းဆင်းဇုန်လွတ်မြောက်ရေး မျှော်လင့်ချက် ရှင်သန်လာသည်။

ကျူပီအာအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ဆစ်ဆေးက ပွဲချိန် ၈၉ မိနစ်တွင် သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ယင်းဂိုးသည် လာဇီယိုမှ ဇန်နဝါရီလတွင် ပြောင်းလာသော ဆစ်ဆေး၏ ခုနစ်ပွဲကစားရာ ငါးဂိုးမြောက်ဂိုးဖြစ်သည်။ ကျူပီအာတို့ ယင်းပွဲအနိုင်ရလိုက်သဖြင့် ဘော်လ်တန်အထက် ၃၇ မှတ်ဖြင့် ရပ်တည်ကာ တန်းဆင်းဇုန်လွတ်မြောက်လာသည်။ တန်းဆင်းဇုန်တွင် ဘော်လ်တန်က ၃၅ မှတ်၊ ဘလက်ဘန်းက ၃၆ ပွဲကစား ၃၁ မှတ်၊ ဝုဗ်က ၂၅ မှတ်ဖြင့် ရပ်တည်လျက်ရှိသည်။

ထို့ကြောင့် ကျူပီအာတို့ ပရီမီယာလိဂ်၌ ဆက်လက်ကစားခွင့်ရရန် တစ်မှတ် လိုနေသည်။ **(အင်တာနက်)**

# မြင်းခြံမြို့နယ်၌ RG တွင်းတူးစက်ဖြင့် စက်ရေတွင်းအောင်မြင်စွာတူးဖော်

သတင်းမှတ်စုနှင့်ဓာတ်ပုံ-ကိုထွေး



နေပြည်တော် မေ ၇

မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရေရှားရပ်ဝန်းဒေသအတွင်းပါဝင်သည့် မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် မြင်းခြံမြို့နယ်ရှိ သောက်သုံးရေရှားပါးသော နန်းမြင့်တောင် သာသနာ့နယ်မြေ၌ RG တွင်းတူးစက်ဖြင့် လေးလက်မစက်ရေတွင်းတစ်တွင်းကို အောင်မြင်စွာ တူးဖော်နိုင်ခဲ့သဖြင့် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် သောက်သုံးရေရရှိရေးအတွက် တစ်ဖက်တစ်လမ်းက ဖြည့်ဆည်းပေးနိုင်ခဲ့ပြီ ဖြစ်သည်။

မြင်းခြံမြို့နယ် နန်းမြင့်တောင်ပေါ်၌ သာသနာပြုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော မောင်ရင်ရိပ်သာပေါ်ကျောင်းတိုက် ပဓာနနာယကဆရာတော်၏ "သောက်သုံးရေအခက်အခဲဖြစ်ပေါ်နေသဖြင့် သောက်သုံးရေလှူဒါန်းလိုကြောင်း"မိန့်ကြားချက်အရ မြင်းခြံခရိုင် ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာနမှ စက်ရေတွင်းတူးဖော်နိုင်မည့် ပတ်ဝန်းကျင်ဘူမိဗေဒအခြေအနေများကို လေ့လာခဲ့သည်။

အပြီးသတ်စူးစမ်းလေ့လာမှုများအရ မြင်းခြံမြို့နယ် ငွေးပင်ရိုးကျေးရွာအုပ်စု ကျောက်တန်းကျေးရွာအနီး မြင်းခြံ-မိတ္ထီလာကားလမ်း၏ အရှေ့ဘက် ချောင်းရိုး အနိမ့်မြေနေရာကို စက်ရေတွင်းတူးဖော်ရန် အသင့်လျော်ဆုံးနေရာအဖြစ် ရွေးချယ်သတ်မှတ်ခဲ့ကြသည်။

အဆိုပါမြင်းခြံမြို့နယ် ငွေးပင်ရိုးကျေးရွာအုပ်စု ကျောက်တန်းကျေးရွာအနီး မြေနေရာတွင် ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန မြေအောက်ရေဌာနခွဲမှ ဝန်ထမ်းများက RG-08 တွင်းတူးစက်ဖြင့် ဇန်နဝါရီ ၅ ရက်က စတင်တူးဖော်ခဲ့ရာ စတင်တူးဖော်သည်မှ ၁၄ ရက်အကြာ ဇန်နဝါရီ ၂၀ ရက်၌ အောင်မြင်စွာ တူးဖော်နိုင်ခဲ့ခြင်းဖြစ်သည်။ **(ယာပုံ)**

အဆိုပါစက်ရေတွင်းသည် ရေထွက်နှုန်း တစ်နာရီ ဂါလန် ၄၀၀၀၊ တွင်းတူး အနက်ပေ ၃၇၅ပေ၊ ရေနေပေ ၂၆/၃၈ ပေ၊ တွင်းအမျိုးအစား လေးလက်မ ကျောက်စရစ်ရံဖြစ်ပြီး ဓာတ်ခွဲစမ်းသပ်ချက်အရ ရေအရည်အသွေးကောင်းမွန်သဖြင့် သောက်သုံးရေအဖြစ် အသုံးပြုနိုင်ကြောင်း သိရသည်။

ယခုအခါ စက်ရေတွင်းအောင်မြင်စွာတူးဖော်နိုင်ခဲ့သည့်နေရာမှ နန်းမြင့်တောင်ခြေသို့ ပိုက်လိုင်းစနစ်ဖြင့် ဆက်လက်သွယ်တန်းဆောင်ရွက်လျက်ရှိရာ သောက်သုံးရေအခက်အခဲရှိသော နန်းမြင့်တောင်ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့် သောက်သုံးရေလုံလောက်စွာရရှိရေးတို့အတွက် များစွာအထောက်အကူပြုနိုင်တော့မည်ဖြစ်ကြောင်း သိရှိရသည်။



## ရွှေသင်းဘိုးဘွားရိပ်သာသို့ ဆေးပဒေသာပင်လှူဒါန်း

ရမည်းသင်း မေ ၇

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ သီလဝ(၂)ရပ်ကွက်ရှိ ရွှေသင်းဘိုးဘွားရိပ်သာတွင် ပြုစုစောင့်ရှောက်ထားသော အဘိုးအဘွားများ၏ ထာဝရကျန်းမာရေးအတွက် ငွေပဒေသာပင်များလှူဒါန်းပွဲကို ဧပြီ ၂၄ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အဆိုပါလှူဒါန်းပွဲသို့ ရမည်းသင်းမြို့ ဝါတိုးအရှေ့ရပ်ကွက်နေ ဗိုလ်မှူးဟန်ထွန်းဇော်-ဒေါ်ဟေမာအောင်(သား)မောင်ရှင်းသန့်ကိုကို(ဝိုင်အိုတင်-အီလက်ထရွန်နစ်ပစ္စည်းအရောင်းဆိုင်) မိသားစုတို့က **(ဝဲပုံ)** ဆေးပဒေသာပင်အလှူငွေကျပ် သုံးသိန်း၊ရမည်းသင်းမြို့နယ် မိုးထိမိုးမိဒေသမှ မိုးရွှေဝါရွှေသတ္တု တူးဖော်ရေး ကုမ္ပဏီမိသားစုဝင်များက အလှူငွေကျပ် ငါးသိန်း၊ ဦးနိုင်လင်း-ဒေါ်မာလာဝင်း မိသားစု (ရဲညီနောင်ရွှေသန့်စင်လုပ်ငန်း)က အလှူငွေကျပ်ငါးသိန်း၊ ရွှေမြင်တင် တောင်တော်သာသနာပြုဆရာတော် ဦးနန္ဒာစာရကအလှူငွေကျပ်တစ်သိန်း၊ ဦးလွင်-ဒေါ်တင်ကျော်၊ဦးကြည်အေး-ဒေါ်အေးရွှေတို့အား ရည်စူး၍ ဦးရဲတင့် (မြန်မာ့ရုပ်မြင်သံကြား)က အလှူငွေကျပ် နှစ်သောင်းတို့ကို လာရောက်လှူဒါန်းရာ ရွှေသင်းဘိုးဘွားရိပ်သာ ဥက္ကဋ္ဌ ဦးရွှေ၊ အတွင်းရေးမှူး ဦးငွေသိန်းနှင့် ဘဏ္ဍာရေးမှူး ဦးစံတင့်တို့က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(၄၁၆)**

## ဝန်ထမ်းများ တူညီဝတ်စုံပေးအပ်ပွဲကျင်းပ

ရန်ကုန် မေ ၇

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး ဝန်ထမ်းများအတွက် တူညီဝတ်စုံပေးအပ်ပွဲအခမ်းအနားကို မေ ၂ ရက် နံနက် ၁၀ နာရီက မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်လွင်က အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူးရုံး ဝန်ထမ်းများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးဝန်ထမ်း ၄၇ ဦးတို့အတွက် တူညီဝတ်စုံများကို ဝန်ထမ်းများကိုယ်စား မြို့နယ်ဒုတိယဦးစီးမှူး ဦးကျော်မြိုင်နှင့် မြို့နယ်ဒုတိယဦးစီးမှူး ဦးအေးဝင်းခိုင်တို့ထံ ပေးအပ်ခဲ့ပြီး တူညီဝတ်စုံ၏ စုစုပေါင်းတန်ဖိုးမှာ ငွေကျပ် ၈၄၉၅၀၀ ဖြစ်ကြောင်း သိရှိရသည်။ (၀၂၅)

**မီးပိုမီး အခြားမီး သုံးပြီးသတိ အမြဲရှိ**

## ဘဝလမ်းညွှန်စာကြည့်တိုက်အတွက် စာအုပ်စာစောင်များလှူဒါန်း

ရန်ကုန် မေ ၇

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၂၅)ရပ်ကွက် ဘဝလမ်းညွှန် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်သို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်လွင်က စာအုပ်၊ စာစောင်၊ ဂျာနယ်နှင့် သတင်းစာများ လှူဒါန်းပွဲအခမ်းအနားကို ဧပြီ ၃၀ ရက် နံနက် ၁၁ နာရီက မြို့နယ်အုပ်ချုပ်ရေးမှူးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်လွင်က လှူဒါန်းရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး စာကြည့်တိုက်များ စံ(၅)ရပ်နှင့်အညီဖြစ်စေရေး၊ ဖွင့်လှစ်ပြီးစာကြည့်တိုက်များရှင်သန်ရေးတို့ကို ဆွေးနွေးမှာကြားကာ စာအုပ်၊ စာစောင်၊ ဂျာနယ်နှင့်သတင်းစာများကို (၂၅)ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဌေးဝင်းနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ယဉ်ယဉ်သွယ်တို့ထံ လွှဲပြောင်းပေးအပ်သည်။ ဘဝလမ်းညွှန်စာကြည့်တိုက်အတွက် စာအုပ်၊ စာစောင်၊ ဂျာနယ်နှင့် သတင်းစာများ၏ စုစုပေါင်းတန်ဖိုးမှာ ငွေကျပ် ၁၀၃၃၅၀ ဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

## ဝမ်းပျက် ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေး ရွှေပြည်သာမြို့နယ်၌ ဆောင်ရွက်

ရန်ကုန် မေ ၇

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် အမှတ် (၆)ရပ်ကွက်တွင် ပြည်သူများ ဝမ်းပျက်ဝမ်းလျှောရောဂါ မဖြစ်ပွားရေး အစီအစဉ်ဖြင့် မေ ၅ ရက် မွန်းလွဲ ၂ နာရီက မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့သည် ရပ်ကွက်အတွင်းတွင် ယင်နားနိုင်သည့် စွန့်ပစ်ပစ္စည်းများ၊ ယင်လုံအိမ်သာများ သန့်ရှင်းမှုရှိ မရှိ ကြည့်ရှုစစ်ဆေးပြီး ကျန်းမာရေး အသိပညာပေးဟောပြောသည်။ ဆက်လက်၍ ယင်လုံအိမ်သာအတွက် မပြည့်စုံသူ အိမ်ထောင်စုများကို အိမ်သာခွက်နှင့်ပိုက်များ ပေးအပ်ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။ **(ယာပုံ)** **(၁၆၆)**



**မြန်မာ့အလင်း**

**စာတည်းထံပေးစာများ**

## ဈေးသည်များကြောင့် ယာဉ်ကြောပိတ်ပြီး သွားလာရန်ခက်

**စာတည်းခင်ဗျား-**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် အုန်းပင်စုရပ်ကွက်အတွင်းရှိ နဝဒေးအထက်လမ်းပေါ်တွင် စည်းကမ်းမဲ့ဈေးသည်များကြောင့် ယာဉ်ကြောပိတ်ဆို့ခြင်း၊ သွားလာရန်ခက်ခဲခြင်း၊ စွန့်ပစ်အမှိုက်များ ပိုမိုများပြားလာခြင်းကြောင့် ရေမြောင်းများပိတ်ဆို့ခြင်းနှင့်မီးဘေးအန္တရာယ်စိုးရိမ်ရခြင်းတို့အပြင် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်ရပါသဖြင့် သက်ဆိုင်ရာမှလိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**တွံတေးသား**

## စည်းကမ်းမဲ့ဈေးဆိုင်များ ဖယ်ရှားပေးပါ

**စာတည်းခင်ဗျား-**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ဖူးကြီးကျေးရွာတွင် စည်းကမ်းမဲ့ဈေးသည်များ ဖူးကြီးကားလမ်းပေါ်သို့တက်ကာ လမ်းဘေးဝဲယာများတွင် ဆိုင်ခန်းများနှင့် ဈေးဗန်းများချကာ ရောင်းချနေပါသဖြင့် ယာဉ်တိုက်မှုများဖြစ်ပွားနိုင်သောကြောင့် သက်ဆိုင်ရာမှ ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

**ယာဉ်အန္တရာယ်စိုးရိမ်သူ**

## ဆန်စက်မှအမှုန်အမွှားများကြောင့် ကျန်းမာရေးထိခိုက်

**စာတည်းခင်ဗျား-**

လှိုင်မြို့နယ် အမှတ်(၁၃)ရပ်ကွက် ဓမ္မသုခကျောင်းလမ်းရှိ ဆန်စက်မှ နေ့စဉ်ထွက်ရှိလျက်ရှိသော အမှုန်အမွှားများကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်ရပါသဖြင့် သက်ဆိုင်ရာမှ ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

**ဓမ္မသုခကျောင်းလမ်းသား**

## ပဲပြားစက်ရုံမှအနံ့ မခံနိုင်

**စာတည်းခင်ဗျား-**

တောင်ငူမြို့ ရပ်ကွက်(၁၀) ကမ်းနားလမ်းရှိ ပဲပြားစက်ရုံမှ ပဲပြားအပုပ်နံ့များကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်ရပါသဖြင့် ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**ရပ်ကွက်သားများ**

**မြန်မာ့အလင်း** ဖတ်စရာ၊ မှတ်စရာ

# မိုးကာလနှင့် လျှပ်စစ်အန္တရာယ်

ကိုရွှေသိန်းအေး(ငါးသိုင်းချောင်း)

*မကြာမီ မိုးကျတော့မည်ဖြစ်၍ မိုးကာလတွင် လျှပ်စစ်အန္တရာယ်မှ ကင်းဝေးစေရန် ကြိုတင်ဆောင်ရွက်ရမည့် အချက်များနှင့် ဆောင်ရန်၊ ရှောင်ရန်အချက်များကို အများပြည်သူများသိရှိရန် လိုအပ်လှပေသည်။*

*လျှပ်စစ်ဌာနသည် နှစ်စဉ်မိုးကြိုကာလနှင့် မိုးကျပြီးကာလများတွင် လမ်းဘေးဓာတ်အားလိုင်းများ၊ ဓာတ်တိုင်များ၊ ထရန်စဖော်မာများနှင့် မလွတ်ကင်းသည့် သစ်ပင် သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းကြရပေသည်။ ဓာတ်တိုင်များ ယိုင်မယိုင်၊ သစ်တိုင်ဖြစ်ပါက အောက်ခြေမှာ ခြစား မစား၊ သံတိုင်များပင် သံချေးစားလျှင် ပြတ်လဲနိုင်သဖြင့် စစ်ဆေးပြုပြင်ကြရပေသည်။ ကြွေသီး၌ ချည်သောလိုင်းကြိုးများ ပြုတ် မပြုတ်၊ ကြွေသီးကွဲ မကွဲ၊ ခရော့အမ်းများ ဆွေး မဆွေး ကြိုတင်စစ်ဆေး ပြုပြင်ရပေသည်။*

*လေပြင်းတိုက်ခတ်၍ သစ်ပင်သစ်ကိုင်းကျိုးကျကာ ဓာတ်ကြိုးများပြုတ်ကျလျှင် မီးချက်ချင်းဖြတ်တောက်ပြီး ဓာတ်လိုက်မှုအန္တရာယ်မှကင်းဝေးစေရန် ဓာတ်အားလိုင်းများတွင် အပ်ကွင်း (Earthring)၊ အပ်ဘား (Earth Bar) များကို ကြိုတင်စစ်ဆေးပြုပြင်ရသည်။*

*လူစည်ကားရာအရပ် ရထားလမ်း၊ ကားလမ်း၊ ဈေးများတွင် ဓာတ်အားလိုင်းအောက်များမှာ လိုင်းပုခက်များ တပ်ဆင်ရန်လိုအပ်ပြီး အဆိုပါလိုင်းပုခက်များ၌ အပ်မိစေရန် မြေစိုက်ကြိုးများ တပ်ဆင်ပေးရန် အရေးကြီးလှပေသည်။ အန္တရာယ်ရှိသော နေရာများ၌ Danger Volt သတိပေးဆိုင်းဘုတ်များ ရေးသားထားရန် လိုအပ်ပေသည်။*

*မြို့တွင်း ဓာတ်အားဖြန့်ဖြူးသည့် လိုင်းများမှာ ကျယ်ပြန့်လှသဖြင့် လျှပ်စစ်ဝန်ထမ်းများနှံ့စပ်အောင်မရောက်နိုင်သည့် လမ်းကြိုလမ်းကြားများတွင် လူတစ်ရပ်မလွတ်အောင် အိတွဲကျနေပါက လူအများအန္တရာယ်ရှိနိုင်၍ အများပြည်သူက တာဝန်သိစွာ လျှပ်စစ်ဌာနသို့ သတင်းပေးပို့ရန် အရေးကြီးပါသည်။*

*မိုးကြိုကာလတွင် လျှပ်စီးများလက်ခြင်း၊ မိုးကြိုးများပစ်ခြင်းဖြစ်ပေါ်ပါက လျှပ်စစ်ဓာတ်အားလိုင်းမှတစ်ဆင့် ဓာတ်အားခွဲရုံများ၊ ထရန်စဖော်မာများ၊ လျှပ်စစ်ကိရိယာများ၊ လိုင်းကြွေသီးများသို့ လောင်ကျွမ်းပျက်စီးစေပါသည်။ သို့ပါ၍ မိုးကြိုးလွှဲများ စနစ်တကျတပ်ဆင်ထားပါက မိုးကြိုးမှလာသော ဓာတ်အားကို မိုးကြိုးလွှဲများက လွှဲဖယ်ပေးခြင်းဖြင့် ကာကွယ်ပေးနိုင်ပေသည်။*

*ဓာတ်အားသုံးစွဲသူများသည် မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ လေပြင်းများ တိုက်ခတ်ခြင်း၊ လျှပ်စီးလက်၍ မိုးခြိမ်း၊ မိုးကြိုးပစ်ခြင်းများ ဖြစ်ပေါ်ချိန်တွင် အိမ်တွင်းပင်မခလုတ်ကြီးအား ပိတ်ထားသင့်ပေသည်။ သို့မဟုတ်ပါက မိုးကြိုး လျှပ်စစ်များသည် ဓာတ်အားလိုင်းမှတစ်ဆင့် အိမ်တွင်းသို့စီးဝင်ကာ မီတာနှင့် လျှပ်စစ်ပစ္စည်းများ လောင်ကျွမ်းပေါက်ကွဲပျက်စီးတတ်ပါသည်။*

*ဓာတ်အားခွဲရုံမှ မြို့တွင်းများသို့ သွယ်တန်းထားသည့် ဓာတ်အားလိုင်းများမှာ ဗို့အားမြင့်မားလှပြီး တောလမ်းများ၊ ဥယျာဉ်ခြံများ၊ အင်းအိုင်ချောင်းမြောင်း၊ လယ်ကွင်းများသို့ ဖြတ်သန်းတည်ဆောက်ထားရပါသည်။ သို့ဖြစ်၍ ငှက်ပျောတောများ၊ ဝါးရုံပင်ကြီးများ၊ အခြားသစ်ပင်ကြီးများနှင့် ထိစပ်နေတတ်သဖြင့် မိုးကြိုကာလတွင် ကြိုတင်ရှင်းလင်းထားရပေမည်။ ဓာတ်အားလိုင်းများ မြစ်ချောင်းများပေါ်သို့ ပြုတ်ကျခြင်း၊ သစ်ပင်သစ်ကိုင်းများနှင့် ထိစပ်နေခြင်းဖြစ်ပေါ်ပါက လူများ၊ ကောက်စိုက်သမများ၊ ကျွဲ နွားများ အစုလိုက် အပြုံလိုက်သေတတ်သဖြင့် အများပြည်သူများက လျှပ်စစ်ဌာနသို့ အရေးပေါ်သတင်းပေးပို့ရန် လိုအပ်ပါသည်။*

*စိုစွတ်သော မိုးကာလများတွင် လျှပ်စစ်အန္တရာယ် ကင်းဝေးရန် အောက်ပါအချက်များကို အထူးလိုက်နာရန် လိုအပ်ပါသည်။*

*(က) ဟောင်းနွမ်းနေသည့် လျှပ်စစ်ကြိုးများကို လဲလှယ်ပေးပါ။ မိုးကာလတွင် ဓာတ်တိုင်မှ အိမ်သို့ သွယ်တန်းထားသော ဆားဗစ်ကြိုးများ ဟောင်းနွမ်းဆွေးမြည့် ပေါက်ပြဲနေပါက အိမ်တံစက်မြိတ် သွပ်စပ်နှင့်လည်းကောင်း၊ သံဆန်ခါများနှင့်လည်းကောင်း ထိစပ်နေလျှင် လျှပ်စစ်စီးဝင်ကာဓာတ်လိုက်သေဆုံးမှုများ၊ ဝိုင်ယာရှော့ခ်ဖြစ်၍ မီးလောင်မှုများ ဖြစ်တတ်ပါသည်။ ဆားဗစ်ကြိုးအိမ်အဝင်တွင် ပိုက်သွင်းရန်လိုအပ်ပါသည်။*

*(ခ) လျှပ်စစ်ဒဏ်ခံကြိုး (Fuse) ကို ခံနိုင်သည်ထက် ပိုမထည့်ပါနှင့်။*

*(ဂ) လျှပ်စစ်မီးဖို၊ မီးပူများကို သုံးစွဲပြီးလျှင် သို့မဟုတ် လျှပ်စစ်မီး ပြတ်သွားလျှင် ခလုတ်ပိတ်ပြီး ပလပ်ခေါင်းဖြုတ်ထားပါ။ လျှပ်စစ်ကွိုင်မီးဖိုဖြင့် ထမင်းဟင်းချက်နေစဉ် မီးပြတ်သွားသည့်အခါ မီးခလုတ်ပိတ်ရန် မေ့သွားတတ်ပါသည်။ မီးပြန်လာသောအခါ မီးလောင်မှုများ ဖြစ်တတ်သဖြင့် မီးပြတ်လျှင် ချက်ချင်းခလုတ်ပိတ်သည့်အလေ့အကျင့် လုပ်ရပေမည်။ ကွိုင်မီးဖိုသည် အပူပြင်းလွန်းသဖြင့် ချက်ပြုတ်နေစဉ် လူက အခြားတစ်ပါးသို့ မသွားဘဲ အနီးတွင်ရှိနေရပေမည်။*

*(ဃ) လျှပ်စစ်ဝိုင်ယာရှော့ခ်ဖြစ်နေလျှင် ပင်မခလုတ်ကိုပိတ်ပြီး ခြောက်သွေ့သော အဝတ်ဖြင့် ရိုက်ပုတ်၊ ဖုံးအုပ်ငြိမ်းသတ်ပါ။ အင်္ဂတေခင်းသော အိမ်များတွင် ဖိနပ်ဝတ်၍ လျှပ်စစ်ခလုတ် အဖွင့်အပိတ်လုပ်ပါ။ ချွတ်ယွင်းနေသော လျှပ်စစ်ပစ္စည်းကိရိယာများကို မသုံးစွဲပါနှင့်။*

*(င) လျှပ်စစ်ဓာတ်အားကို ခံနိုင်အားထက် ပိုမသုံးပါနှင့်။ မလိုအပ်လျှင် လျှပ်စစ်မီးများနှင့် လျှပ်စစ်ပစ္စည်းများကို ပိတ်ထားခြင်းဖြင့် မီတာခချွေတာခြင်းနှင့် ဝိုင်ယာရှော့ခ်ဖြစ်ခြင်းမှ ကာကွယ်ပြီးသား ဖြစ်နေပါသည်။*

*(စ) လမ်းများတွင် ဓာတ်ကြိုးများပြုတ်ကျပါက ကိုင်တွယ်ခြင်းမပြုပါနှင့်။ လျှပ်စစ်ဌာနသို့ အမြန်သတင်းပေးပို့ရမည်။ မတော်တဆ ဓာတ်လိုက်ခံရသူအား အဝတ်ခြောက်ဖြင့်ပတ်၍ အမြန်ဆွဲပါ။ လူချင်းထိ မဆွဲရ။*

*(ဆ) ညအချိန်အိပ်ရာဝင်လျှင် လျှပ်စစ်မီးများ၊ အင်ဗာတာ-ဘက်ထရီနှင့် ဗို့မြှင့်စက်များ၊ တီဗွီ၊ ရေခဲသေတ္တာ၊ မီးဖို၊ မီးပူစသည့် လျှပ်စစ်ပစ္စည်းများ ပိတ် မပိတ် စစ်ဆေးပြီး ပိတ်အိပ်သည့် အလေ့အကျင့်ပြုလုပ်ခြင်းဖြင့် လျှပ်စစ် အန္တရာယ်ကာကွယ်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။*



# မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနား တောင်ကြီး၌ ကျင်းပ

**နေပြည်တော် မေ ၇**

(၆၆)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို မေ ၅ ရက် နံနက် ၉ နာရီက ရှမ်းပြည်နယ် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က အမှာစကားပြောကြားပြီး မီးသတ်တပ်ဖွဲ့စခန်းသာယာလှပရေး ပထမ၊ ဒုတိယ၊ တတိယရရှိသည့် မြို့နယ်မီးသတ်တပ်ဖွဲ့စခန်းများအား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်နယ်မီးသတ်တပ်ဖွဲ့နှင့် ကြက်ခြေနီတပ်ဖွဲ့များက မီးသတ်စွမ်းရည်နှင့် အသက်ကယ်စွမ်းရည်များ သရုပ်ပြသခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# သဘာဝဘေးအန္တရာယ် လျှော့ပါးရေးဆိုင်ရာ အသိပညာပေးသင်တန်းဖွင့်

**ရန်ကုန် မေ ၇**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဉာဏ်ဝင်းသည် ယနေ့နံနက်ပိုင်းတွင် ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် သဘာဝဘေးအန္တရာယ် လျှော့ပါးရေးဆိုင်ရာ အသိပညာပေးသင်တန်းဖွင့်ပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး ပိုစတာနှင့် စာအုပ်စာတမ်းများကို ကြည့်ရှုသည်။

ထို့နောက် ပဲခူးမြို့ ဥသာမြို့သစ် (၄)ရပ်ကွက်ရှိ မဇင်းချောင်းဖြတ် ကိုယ့်အားကိုယ်ကိုး ဝင်းမဟာတံတားကို ကြည့်ရှုစစ်ဆေးခဲ့သည်။ **(သတင်းစဉ်)**



# မိုဘိုင်းဖုန်း Sim Card ပျက်စီးပါက အခမဲ့ပြန်လည်လျှောက်ထားနိုင်

**သတင်းမှတ်စု**
**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

**ရန်ကုန် မေ ၇**

ယခင်က မိုဘိုင်းဖုန်း Sim Card ပျောက်ဆုံးလျှင် ဒဏ်ကြေးငွေကျပ် ၅၀၀၀၀ပေးဆောင်၍ အသစ် ပြန်လည်လျှောက်ထားနိုင်ကြသော်လည်း ယခုနောက်ပိုင်း ငွေကျပ် ၂၀၀၀၀ဖြင့် ပြန်လည်လျှောက်ထားနိုင်ပြီဖြစ်ကြောင်းနှင့် Sim Card ပျက်စီးပါက ငွေကြေးပေးဆောင်စရာမလိုအပ်တော့ဘဲ အခမဲ့ဝန်ဆောင်မှုပေးနေပြီဖြစ်ကြောင်း မေလ ပထမပတ်အတွင်းက ကျင်းပသည့် စာနယ်ဇင်းရှင်းလင်းပွဲ၌ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

**လျှောက်ထားနိုင်**

ရန်ကုန်တိုင်းဒေသကြီး၌ Sim Card များ ပျက်စီးပျောက်ဆုံးပါက ပန်းဆိုးတန်း၊ ရွှေဂုံတိုင်နှင့် အလုံမြို့နယ်ရှိ မိုဘိုင်းဆက်သွယ်ရေးဌာနများ၊ ရန်ကုန်စာတိုက်ကြီး၊ ရတနာပုံ တယ်လီပို့အရောင်းဆိုင်များ၊ E-Lite အရောင်းဆိုင်များ၌ ဆက်သွယ်၍ လျှောက်ထားနိုင်ကြောင်း သိရသည်။

နယ်များ၌မူ Sim Card များ ပျက်စီး ပျောက်ဆုံးသွားပါက သက်ဆိုင်ရာဒေသရှိ မြန်မာ့ဆက်သွယ်ရေးဌာနများ သို့မဟုတ် မိမိဝယ်ယူခဲ့သည့် ဖုန်းအရောင်းဆိုင်များမှတစ်ဆင့် လျှောက်ထားနိုင်ကြောင်း သိရသည်။

Sim Card ပျောက်ဆုံးပျက်စီး၍ ပြန်လည်လျှောက်ထားသူများ အနေဖြင့် မူရင်းစာရွက်စာတမ်းနှင့် မှတ်ပုံတင်စသည်တို့အပြင် မိတ္တူများ ပါရှိရမည်ဖြစ်သည်။ Sim Card ပျက်စီး၍ လျှောက်ထားသူများ အနေဖြင့် မူလပျက်စီးသည့် Sim Card ကိုပါ တင်ပြလျှောက်ထားရမည်ဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

# ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ဘွဲ့လွန်ဆေးပညာသင်တန်းများ ဝင်ခွင့်အတွက်လျှောက်လွှာခေါ်ယူ

**နေပြည်တော် မေ ၇**

၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာနအောက်ရှိ တက္ကသိုလ်များတွင် ဖွင့်လှစ်မည့်ဘွဲ့လွန်ဆေးပညာ ဒီပလိုမာသင်တန်းများ၊ ဆေးပညာ မဟာသိပ္ပံသင်တန်းများ၊ ပါရဂူဘွဲ့သင်တန်းများ၊ သူနာပြု မဟာသိပ္ပံသင်တန်း၊ ဆေးဘက်ဆိုင်ရာ နည်းပညာ မဟာသိပ္ပံသင်တန်းများနှင့် ဆေးဝါး မဟာသိပ္ပံသင်တန်းဝင်ခွင့်အတွက် လျှောက်လွှာခေါ်ယူထားကြောင်း၊ သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူများလျှောက်ထားနိုင်ပြီး လျှောက်လွှာများကို ဇူလိုင် ၃၁ ရက်နောက်ဆုံး ပေးပို့လျှောက်ထားရမည်ဖြစ်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို ဆေးသိပ္ပံပညာဦးစီးဌာနတွင် မေးမြန်းစုံစမ်းနိုင်ကြောင်း သိရှိရသည်။ **(ဗိုလ်ခိုင်)**

# နိုင်ငံရေးပါတီ တည်ထောင်ခွင့်များ စိစစ်ခွင့်ပြုပေးလျက်ရှိ

**နေပြည်တော် မေ ၇**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီ တည်ထောင်ခွင့် လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ဦးဆလိုင်းအောင်မင်းလှိုင်ပါ (၁၇)ဦးတို့က လျှောက်ထားသည့် အရှိုချင်းအမျိုးသားပါတီ (Asho Chin National Party) တည်ထောင်ခွင့် လျှောက်ထားချက်သည် ဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ကြောင်း တွေ့ရှိရသဖြင့် ကော်မရှင်က ၂၀၁၂ ခုနှစ် မေ ၇ ရက်တွင် နိုင်ငံရေးပါတီတည်ထောင်ခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကချင်ပြည်နယ် ဆင်ဘိုမြို့နယ်ခွဲ တာလောကြီးကျေးရွာ ပြည်သူ့စစ် လက်နက်တပ်ဆင်ပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် မေ ၇**

ကချင်ပြည်နယ် ဆင်ဘိုမြို့နယ်ခွဲ တာလောကြီးကျေးရွာ ပြည်သူ့စစ် လက်နက်တပ်ဆင်ပွဲ အခမ်းအနားကို မေ ၆ ရက် နံနက်ပိုင်းတွင် ဒက္ခိဏာရာမကျောင်း မဟာဝိဇယဓမ္မာရုံ၌ ကျင်းပရာ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် အောင်မြတ်ဦး တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး ပြည်သူ့စစ်အဖွဲ့အား လက်နက်/ ခဲယမ်းများ တပ်ဆင်ပေးကာ ထောက်ပံ့ငွေကျပ် ၁၂ သိန်းတိတိကို ထပ်မံပေးအပ်ခဲ့ပြီး **(ယာပုံ)** ပြည်သူ့စစ်အဖွဲ့ဝင်များနှင့် ရင်းရင်းနှီးနှီးအမှတ်တရဓာတ်ပုံရိုက်ခဲ့သည်။





အဆိုပါ အခမ်းအနားသို့ နယ်မြေခံတပ်ရင်းမှ တာဝန်ရှိသူများ၊ ကချင်ပြည်နယ် ခရိုင်ရဲတပ်ဖွဲ့မှူး၊ မြစ်ကြီးနား မြို့နယ်အုပ်ချုပ်ရေးမှူး၊ တာလောကြီး ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ၊ ကေအိုင်အေ (ကချင်)လက်နက်ကိုင်အဖွဲ့မှ လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်လာသူ ၅၀ အပါအဝင် ပြည်သူ့စစ်အဖွဲ့ ၂၀၀ နှင့် ဒေသခံပြည်သူ ၁၅၀၀ ကျော် တက်ရောက်ကြသည်။

နိုင်ငံတော်အစိုးရ၏ စေတနာနှင့် ဒေသခံတိုင်းရင်းသား ပြည်သူအများစု၏ လိုလားချက် ဆန္ဒဖြစ်သည့် ငြိမ်းချမ်းရေးကို လျစ်လျူရှု၍ အဖျက်အမှောင့် လုပ်ရပ်များ၊ အပြစ်မဲ့ ဝန်ထမ်းများနှင့် ဒေသခံများအပေါ် အကြမ်းဖက်လုပ်ရပ်များ အစဉ်တစိုက် ဆောင်ရွက်လျက်ရှိသည့်အပြင် ဒေသအတွင်း အပြစ်မဲ့ ပြည်သူများအား အဓမ္မလူသစ်စုဆောင်း၍ လိုအပ်သည့်အထောက်အပံ့နှင့် အစီအမံများ မပေးဘဲ အသေခံတိုက်ပွဲဝင်ခိုင်းနေသည့် ကေအိုင်အေ (ကချင်) လက်နက်ကိုင်အဖွဲ့၏ လုပ်ရပ်များအပေါ် သည်းမခံနိုင်တော့သဖြင့် လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်လာသော ကချင်ပြည်နယ် ဆင်ဘိုမြို့နယ်ခွဲ တာလောကြီး ကျေးရွာမှ တပ်ကြပ်အဆင့်ရှိ ကျော်ဆန်း ဦးစီးအလင်းဝင် (၅၀)တို့၏ မိမိရပ်ရွာမိမိကာကွယ်နိုင်ရန်ထက်သန်သော စိတ်ဓာတ်ဖြင့် တောင်းဆိုတင်ပြချက်အရ လည်းကောင်း၊ ကေအိုင်အေ(ကချင်)လက်နက်ကိုင်အဖွဲ့၏ လုပ်ရပ်အပေါ် ပြတ်ပြတ်သားသားဆန့်ကျင်၍ ရပ်ရွာနှင့် မိသားစုဘဝလုံခြုံရေးအတွက် ကာကွယ်စောင့်ရှောက်ပေးရန် တာလောကြီး ကျေးရွာသူ ကျေးရွာသားများ၏ တောင်းဆိုချက်အရ လည်းကောင်း၊ ကချင်ပြည်နယ်အစိုးရအဖွဲ့နှင့် ပေါင်းစပ်ညှိနှိုင်း၍ ပြည်သူ့စစ်နှင့်နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံး၏ အစီအစဉ်ဖြင့် ယခုကဲ့သို့ လက်နက်များ ပြန်လည် တပ်ဆင်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

**မေ ၅ ရက် (ကဆုန်လပြည့်နေ့)က အင်းစိန်မြို့နယ်ရှိ လောကချမ်းသာ အဘယ လာဘမုနိဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီး၏ ရင်ပြင်တော်ရှိ မဟာဗောဓိပင်တွင် (၁၁)ကြိမ်မြောက်ညောင်ရေသွန်းလောင်းပူဇော်ပွဲ အခမ်းအနား ကျင်းပစဉ်။**

(ခရိုင် ပြန်/ဆက်)



# မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြောလေ့ကျင့်မှုသရုပ်ပြ

**နေပြည်တော် မေ ၇**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်း မန္တလေးဖောင်ဖွဲ့ရေးဒေသ၏ မီးဘေးကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောပွဲနှင့် လေ့ကျင့်မှုသရုပ်ပြပွဲကို မေ ၅ ရက် နံနက် ၁၀ နာရီက ရွှေကြက်ယက်သစ်ဆိပ်၌ ကျင်းပရာ တာဝန်ရှိသူများက မီးဘေးကြိုတင်ကာကွယ်ရေးနှင့် စပ်လျဉ်း၍ ဟောပြောကြပြီး အမရပူရမြို့နယ် မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာ့သစ်လုပ်ငန်းမှ သစ်ဆိပ်ဝန်ထမ်းများ ပူးပေါင်း၍ မီးသတ်ဆေးဘူးများဖြင့် လည်းကောင်း၊ မီးသတ်ယာဉ်များဖြင့် လည်းကောင်း မီးငြိမ်းသတ်မှုကို လက်တွေ့သရုပ်ပြလေ့ကျင့်ခဲ့ကြသည်။ **(သတင်းစဉ်)**

# မြဝတီရုပ်မြင်သံကြား အစီအစဉ်

**၈-၅-၂၀၁၂ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း

**ညပိုင်း**

၅း၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဟာသလွှင်ပြင်** (အပိုင်း-၁၀၄)

၆း၀၀ မြဝတီရုပ်မြင်သံကြားသတင်း

၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ထောင်စုနှစ်သမီးပျို** (အပိုင်း-၁၅)

၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
နိုင်ငံတကာသတင်း
မိုးလေဝသသတင်း
ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **တမလွန်မှပြောသောစကား** (အပိုင်း-၁၉)

**သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**

# ပျဉ်းမနားမြို့နယ်၌ အခြေခံမီးသတ်သင်တန်းဆင်း

**နေပြည်တော် မေ ၇**

နေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ရပ်ကွက်/ကျေးရွာများမှ အရန်မီးသတ်တပ်ဖွဲ့ဝင်များအား မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးသတ်လုပ်ငန်းများ၊ မီးသတ်ပညာရပ်များ ပိုမိုနားလည်သိရှိစေရန် ရည်ရွယ်၍ပျဉ်းမနားမြို့နယ် မီးသတ်ဦးစီးဌာနမှူးရုံး၌ ဧပြီ ၂၅ ရက်မှစ၍ အကြိုအခြေခံမီးသတ်သင်တန်း အမှတ်စဉ် (၄/၂၀၁၂)ကိုဖွင့်လှစ်ပို့ချခဲ့ရာ ယနေ့တွင် သင်တန်းပြီးမြောက်သဖြင့် မြို့နယ်မီးသတ်ဦးစီးဌာနမှူးရုံးတွင် သင်တန်းဆင်းပွဲကျင်းပသည်။

**တက်ရောက်**

၎င်းသင်တန်း ဆင်းပွဲသို့ နေပြည်တော်ကောင်စီဝင် ပျဉ်းမနားမြို့နယ်တာဝန်ခံ ဗိုလ်မှူးကြီး မြင့်အောင်သန်းက သင်တန်းဆင်းအမှာစကားပြောကြားပြီး **(ယာပုံ)** နေပြည်တော် မီးသတ်ဦးစီးဌာနမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ရဲကျော်စွာဝင်းမြင့်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အုပ်ချုပ်ရေးမှူး ဦးကျော်တင့်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးသန်းမြင့်၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ရဲသူရိန်ကိုကိုစိုး၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ တူညီဝတ်စုံပေးအပ်လှူဒါန်းသော အလှူရှင်များ၊ အရန်မီးသတ်တပ်ဖွဲ့အရာရှိများနှင့်သင်တန်းသားများ တက်ရောက်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်မီးသတ်)**

# မစ္စရိုဘီနာ ပက်ထရစ်ရှာ မာ့က်စ်အား မြန်မာနိုင်ငံဆိုင်ရာ တောင်အာဖရိက သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူ

**နေပြည်တော် မေ ၈**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ တောင်အာဖရိက သမ္မတနိုင်ငံ၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် မစ္စရိုဘီနာ ပက်ထရစ်ရှာ မာ့က်စ်အား ခန့်အပ်ရန် တောင်အာဖရိကနိုင်ငံအစိုးရ၏ အဆိုပြုချက်ကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက သဘောတူပြီးဖြစ်သည်။

မစ္စရိုဘီနာ ပက်ထရစ်ရှာမာ့က်စ်သည် ၁၉၆၃ ခုနှစ် ဇန်နဝါရီ ၂၁ ရက်တွင် မွေးဖွားခဲ့ပြီး ယူကေနိုင်ငံ ဆပ်ဆက်စ်တက္ကသိုလ်မှ မဟာဝိဇ္ဇာဘွဲ့ ရရှိခဲ့သည်။

တောင်အာဖရိကနှင့်ယူကေနိုင်ငံတို့ရှိ တက္ကသိုလ်များတွင် ကထိကအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၈၆မှ ၁၉၈၉ခုနှစ်အထိ တောင်အာဖရိကတွင် အသားအရောင်ခွဲခြားရေး၌ အရေးပါသည့် ပြည်ထောင်စုဒီမိုကရေစီတပ်ဦးတွင်လည်းကောင်း၊ ၂၀၀၁မှ ၂၀၀၃ခုနှစ်အထိ လန်ဒန်မြို့ရှိ လီဗီရှမ် ဒုက္ခသည်ကွန်ရက်တွင် မန်နေဂျာအဖြစ်လည်းကောင်း၊ ၂၀၀၆မှ ၂၀၁၁ခုနှစ်အထိ အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနတွင် ဌာနအကြီးအကဲအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။

မစ္စရိုဘီနာ ပက်ထရစ်ရှာ မာ့က်စ်သည် ဗန်ကောက်မြို့တွင် ရုံးစိုက်ပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ တောင်အာဖရိကသမ္မတနိုင်ငံ၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်မည်ဖြစ်သည်။ **(သတင်းစဉ်)**





**ထူးခြားသည့် နေ့အပူချိန်များမှာ ၇-၅-၂၀၁၂**

ချောက်မြို့ ၄၃ ဒီဂရီစင်တီဂရိတ်
မုံရွာမြို့နှင့် မင်းဘူးမြို့ ၄၂ ဒီဂရီစင်တီဂရိတ်စီ

# အနာဂတ်ခရီးနှင့်မညီ့ ကျွန်တော်သိသောစာမျက်နှာများ

မဏ္ဍိုင်

ဟိုတယ်တံခါးကိုအဖွင့်တွင် အိတ်ကလေးဖြင့်ထည့်ကာ ချိတ်ထားသောသတင်းစာကို တွေ့ရသဖြင့် အပြင်ထွက်ခါနီးအကြိုကိုဖျက်ကာ ဆိုဖာပေါ်ပြန်ထိုင်လျက် အားရပါးရ ဖတ်ကြည့်မိသည်။ သတင်းစာမျက်နှာဖုံးက အရောင်စုံအသွေးစုံဖြင့် သစ်လွင်လှပနေသလို စာလုံးအကြီးအသေး ဒီဇိုင်းပညာတို့ဖြင့် အသက်ဝင်အောင် ကစားထားပေရာ အပြင်ထွက်တော့မည့် မိမိအဖို့ ပြန်ထိုင်ကာ ကိုင်ကြည့်ဖတ်ကြည့်မိသည်မှာလည်း မဆန်းလှ။ ပါဝင်သော သတင်းများအနက် အတော်များများ၏ ရေးသားပုံများက ဖြစ်စဉ်ကို ချရေးပြီးမှ နောက်ကြောင်းသမိုင်းကို ပြန်လည်ဖော်ထုတ်ရေးသားသောပုံစံကအများစုဖြစ်သည်။ နောက်ခံဖော် သတင်းဖွင့်ခြေဆင်း၊ အကွက်ချန် သတင်းဖွင့်ခြေဆင်းတို့နှင့် စာဖတ်ပရိသတ်ကိုဆွဲဆောင်ဖို့ ကြိုးစားထားသည်တော့ အမှန်၊ သို့သော် တစ်စောင်လုံးဖတ်ကြည့်ပြီးချိန်တွင်ကား ရသမျှအနှစ်တို့သည် ကိုယ့်မြေကိုယ့်ရေမှ ကိုယ့်သတင်းစာထက်မပို၊ ထိုထက်ဆိုရလျှင် လိုနေသည်မှာကား သူ့နိုင်ငံ၏မူကို ထင်ဟပ်မပြနိုင်ခြင်းပင်ဖြစ်သည်။ သူ့နိုင်ငံသားတို့အဖို့ သူ့နိုင်ငံအုပ်ချုပ်သူတို့၏မူကို မည်သည့်နေရာကရသည်မသိ၊ နိုင်ငံ၏ဦးတည်ချက်ကို မည်သို့လေ့လာ မှတ်သားကြသည်မသိ၊ နိုင်ငံချမ်းသာသည်ကတော့အမှန်၊ သို့သော်သူတို့ကား မျက်မမြင် လူချမ်းသာနှယ်တည်း။

**ဤတွင် မိမိနိုင်ငံမှသတင်းစာကို လွမ်းသောစိတ်ကပေါ်လာသည်။ ဝိုင်းစက်လှပသော ကွန်ပျူတာစာလုံးလေးများနှင့် ရသမျှ စာမျက်နှာပေါ်မှ ပြည်သူကို ဗဟုသုတများစွာ ပေးနိုင်အောင် ကြိုးစားတင်ဆက်ထားကြသော၊ ရသမျှ ချွေးနဲ့စာလစာလေးနှင့် ရုန်းကန်လှုပ်ရှားနေကြရှာသော သတင်းစာတိုက်ဝန်ထမ်းတို့၏ စေတနာက သတင်းစာ စာမျက်နှာတွင် ပေါ်လွင်နေသည်။ စာရွက်ကလေးသာ ဖြူဖွေးလိုက်လျှင်၊ ရောင်စုံကလေးများသာ တင်လိုက်ရလျှင် နှစ်ဒေါ်လာ (လက်ရှိပေါက်ဈေးဖြင့် မြန်မာငွေ ၁၆၀၀ ကျော်ခန့်) တန် မိမိလက်တွင်းမှ သတင်းစာကြီးကို ၅၀ ကျပ်တန် ကြေးမုံ/မြန်မာ့အလင်း သတင်းစာကလေးများက ကောင်းစွာ ရယ်မောလှောင်ပြောင်ပြပေလိမ့်မည်။**

ဤတွင်သတိရမိသည်က “သတင်းစာတစ်စောင်၏ တန်ဖိုးဟူသည်မှာ ထိုသတင်းစာတစ်စောင်အတွက် အဖိုးအခမည်၍ မည်မျှပေး၍ ဝယ်ယူရသည့်တန်ဖိုးထက် အဆိုပါသတင်းစာတွင် စာဖတ်သူများအား အသိအမြင်အချက်အလက်ဗဟုသုတမည်မျှ ကြီးကြီးမားမားပေးနိုင်သည်ဟူသည့် သတင်းတန်ဖိုးသည်သာ ပဓာနဖြစ်သည်” ဆိုသည့်အဆိုပင်။ ဝယ်ယူဖတ်ရှုမည့်သူတို့ကလည်း မိမိရမည့် ဗဟုသုတတန်ဖိုးကို ထိုက်တန်သရွေ့ပေးရန် ဝန်မလေးကြပေရာ သင့်တင့်မျှတသော အဖိုးစားနားတော့ ရှိသင့်ပေသည်။

သတင်းစာဖတ်ရင်းတန်းလန်းမှာပင် ဝမ်းကဆာလောင်လာပြီး ဆန္ဒပြလာရာ သတင်းစာကိုင်ရင်း ဟိုတယ်ထမင်းစားခန်း (Hotel Dining Room) သို့ အမြန်ပြေး၍ လွေးလိုက်ရသည်။ ယနေ့နံနက်စာစာ (Breakfast)က မြန်မာပါးစပ်နှင့် အစပ်အဟပ်တည့်လှပေရာ နှစ်ကြိမ်ပင်ထပ်ထည့်လိုက်မိသည်။ ကောင်းသည်ဆိုသလို ဈေးနှုန်းကလည်း မသေးလှ။ တစ်ပွဲ ၁၂ ဒေါ်လာဆိုပေရာ ကိုယ့်နိုင်ငံမှ ပဲပြုတ်ထမင်းဆီဆမ်း နှင့် တန်ဖိုးချင်းကွာခြားလှသည်။ မရှိ၍သာ စားရသည်၊ တကယ်လွမ်းသည်မှာက ပဲပြုတ်ထမင်းပေတည်း။ မနက်ကသတင်းစာတုန်းကလိုပင် တန်ဖိုးသာကြီးသည်။ ရလိုက်သည့်အနှစ်က သုံးခွက်တစ်ခွက်တင်သာ။ အပိုဆာဒါးတန်ဆာပလာတွေအတွက် ကုန်ကျသည်က များနေသည်။ သည်ကပြန်လျှင် ကိုယ့်ပဲပြုတ်သည်ကိုပင် တန်ဆာပလာဆင်စေလျက် ဈေးတက်ခိုင်းရကောင်းနိုးနိုး တောင်စဉ်ရေမရ လျှောက်တွေးမိသည်။ သူ့သတင်းစာက ရောင်စုံအရုပ်တွေနှင့် တန်ဆာဆင်သလို မိမိတို့ပဲပြုတ်ကိုလည်း လက်ရှိထည့်နေသော ကြွပ်ကြွပ်အိတ်အစား ရောင်စုံဘူးကလေးများနှင့်ထည့်ကာ ဈေးတင်ရောင်း၍ရော မရပေဘူးလား စိတ်ကစားရင်းတွေးမိသည်။

ဤသည်မှာ နံနက်စာစာ (Breakfast) သာလျှင်ဖြစ်သည်။ နေ့လယ်စာ (Lunch)အတွက်မူ ၁၈ ဒေါ်လာကျသင့်သည်ဟု သိရသည်။ မိမိတို့ဆီမှာတော့ ပုံစား ၁၀၀၀ ကျပ်၊ ဟင်းပွဲမှာယူစားလျှင် ဟင်းပေါ်မူတည်၍ လူတစ်ဦးအတွက် ၂၀၀၀ကျပ် မှ ၃၀၀၀ ကျပ်အတွင်း ကျသင့်ပေသည်။ ဤလိုတွေးရင်း အရာတိုင်း ဈေးနှုန်းချိုသာသည့် မိမိတို့ဆီမှာ ဈေးအချိုဆုံးက သတင်းစာဟု ပြောရမလို ဖြစ်နေသည်ကို သတိရလာသည်။ တစ်လလုံးအတွက် သတင်းစာဖိုးက ထမင်းတစ်ပွဲဖိုးမျှပင် မရှိသည်ကို ကြားရသူတိုင်း ယုံနိုင်ဖွယ်ဟု ဩချရလောက်သည်။ အရာရာမှာ ဈေးနှုန်းချိုသာစွာ ရရှိပိုင်ဆိုင်နိုင်သော မိမိတို့နိုင်ငံမှာ သတင်းစာက ဈေးအချိုဆုံးဟု ဆိုရပေမည်။ သို့သော် သတင်းစာဖတ်ပရိသတ်က နည်းသေးသည်။ ဖြန့်ချိစောင်ရေကို ကြည့်လိုက်လျှင် တိုင်းပြည်လူဦးရေနှင့် စောင်ရေအချိုးက နည်းလွန်းသေးသည်။ နောင်တိုင်းပြည်ဖွံ့ဖြိုးလာပြီး အမျိုးသားပညာရည်မြင့်မားလာသည့်အခါ သတင်းစာဖတ်နှုန်းမြင့်လာမည်ဟုမျှော်လင့်ရသည်။ သူတို့ဆီမှာက ဤမျှလောက် ဈေးမြင့်သည်ကိုပင် ဖြန့်ချိစောင်ရေက များလှသည်။ ထို့အတူ သူတို့ဆီကလူတွေကလည်း ဤသော သတင်းစာတန်ဖိုးကို များသည်ဟု မမြင်ကြ။ မိမိကသာ ကိုယ့်ဆီမှာနှင့် ချိန်ထိုးပြီးများသည်ဟု တွက်မိခြင်းဖြစ်သည်။ မည်သို့ဆိုစေ ပညာအခြေခံရှိသူ သတင်းစာဖတ်ပရိသတ်တို့ကတော့ ငွေကိုမမြင်၊ တစ်နေ့တာသတင်းစာတွင်ပါလာမည့် သတင်းဦး သတင်းထူးတို့ကို ရွေးချယ်သည်၊ မွှေနှောက်သည်၊ ရှာဖွေသည်။ ဖတ်စရာ၊ မှတ်စရာဘာများပါသည်တို့ကိုသာ နေ့စဉ်ရှာဖွေကြည့်ရှုတတ်ကြပါသည်။ သူတို့ဆီက ချမ်းသာတော့ အခြေခံလစာ ဒေါ်လာ ၁၀၀၀ ခန့်ရသည်ဟု ပြောကြသည်။ ကြွားတာလား၊ အမှန်လားတော့ မသေချာ။ အမှန်သာဖြစ်မည်ဆိုလျှင် ဒေါ်လာ ၁၀၀၀ ရသူက သတင်းစာကို နှစ်ဒေါ်လာပေး၍ ဖတ်ခြင်းအားဖြင့် သူ့ဝင်ငွေ၏ ၅၀၀ ပုံ တစ်ပုံကို ဗဟုသုတအတွက် ရင်းနှီးမြှုပ်နှံလိုက်သည်ဟုဆိုရမည်။ ဤသို့တွက်သော် မိမိတို့ဆီက အခြေခံဝန်ထမ်းတစ်ဦး၏ဝင်ငွေသည် ယနေ့ကျပ် ၇၀၀၀၀ ဝန်းကျင် ဖြစ်သည်။ ဆိုရလျှင် အခြေခံဝန်ထမ်းတစ်ဦးအဖို့ သူ့ဝင်ငွေ ခန့်မှန်း ၇၀၀၀၀ ကျော်၏ ၇၀၀ပုံ တစ်ပုံဖြစ်သည့် ၁၀၀ ကျပ်ကို နေ့စဉ်ဗဟုသုတ မှတ်သားနာယူဖို့မသုံးသင့်ပေဘူးလား၊ ဤသို့လည်း တောင်တောင်အီအီတွေးမိသည်။

သတင်းစာဖတ်ပရိသတ်က ကိုယ့်ရည်ရွယ်ချက်နှင့်ကိုယ် သတင်းစာကို လိုရာစာမျက်နှာမှစ၍ လှန်တတ်ကြသည်။ သူတို့သတင်းစာမှာ အုပ်စုလိုက် ခေါင်းစဉ်တပ်ထားသည့်တိုင် မိမိလိုရာကို မည်သို့ရှာဖတ်ရမည်မသိ။ မွှေနှောက်ရင်း မျက်စိလည်ရသည်။ ကိုယ့်သတင်းစာကတော့ ရှေ့ဖုံး၊ ကျောဖုံး၊ ပြီးလျှင် သတင်းအညွှန်းပါ ထူးခြားသတင်း၊ ပြီးလျှင် နယ်သတင်း၊ နာရေး၊ အားကစား၊ အနုပညာ၊ ကြော်ငြာ စသည်ဖြင့် ရှင်းလင်းစွာသတင်းမြင်ကွင်းတို့ကို ခံစားသိမြင်နိုင်သည်။ အချို့သက်ကြီးရွယ်အိုများကျတော့လည်း နေဝင်ချိန်ရောက်ပြီဖြစ်သည့် အားလျော်စွာ မိမိတို့ရောင်းရင်းများ ပျောက်ကွယ်သွား မသွား သိလို၍ စာမျက်နှာ ၁၉ ကို အပြေးလှန်ကြသည်။ တွေ့ပြီဆိုလျှင် ရှင်သန်ကျန်ရစ်သူချင်း တယ်လီဖုန်း ချက်ချင်းဆက်၊ ကျန်သူစာရင်းရေတွက်ကြကာ သံဝေဂတရားပွားများကြသည်။ မည်သို့ဆိုစေ အရွယ်စုံစရိုက်စုံ သတင်းစာဖတ်ပရိသတ်တို့က မိမိတို့သိလိုသော အကြောင်းအရာ အချက်အလက်ကို မျှော်တလင့်လင့် ဖတ်ရှုလိုကြသူများဖြစ်ပါသည်။ ပရိသတ်သိလိုသော သတင်းအချက်အလက်များကို မြန်မြန်ဆန်ဆန်၊ အချက်အလက် စုံစုံလင်လင်၊ ခိုင်ခိုင်မာမာ၊ တိတိကျကျဖော်ပြ ပေးနိုင်သောသတင်းစာကို ဦးစားပေးဖတ်ရှုကြပြီးမှ ငွေပိုငွေလျှံကလေးရှိသေးလျှင် အတန်ငယ်ဈေးကြီးသည်ဟု ဆိုနိုင်လောက်သော ဂျာနယ်တို့ကို ရွေးချယ်ဝယ်ယူလေ့ရှိကြသည်။ သို့ဖြစ်ရာ စနစ်ကျနမှုကြားမှ ပရိသတ်ကို သတင်းအာသာပြေစေသော မိမိတို့၏ နိုင်ငံပိုင်သတင်းစာကြီးများကို ခေတ်ပြောင်းစနစ်ပြောင်းတွင် ဟန်ချက်ညီလိုက်ပါလျက် အောင်ပွဲတို့ ဆက်လက်ရစေလိုသည်ကတော့ အမှန်ပင်ဖြစ်သည်။

သို့သော် သတင်းစာတိုက်ဝန်ထမ်းအချို့ကလည်း ပြောကြသည်။ သူတို့သည် ပြင်ပဂျာနယ်များထက် များစွာဈေးလျှော့ရောင်းချရခြင်းကြောင့် ရုန်းကန်နေရကြောင်း၊ သတင်းစာတစ်စောင်ကို ကျပ် ၅၀ နှုန်းဖြင့်သာ ရောင်းရသဖြင့် မြတ်စွန်းဖို့ ဝေးစွ၊ ရှုံးပင်ရှုံးနေကြောင်း သိရသည်။ နိုင်ငံပိုင်သတင်းစာသုံးစောင်ပေါင်းလျှင် နေ့စဉ် သိန်း ၂၀၀ ကျော်ရှုံးနေကြောင်း၊ နိုင်ငံတော်က အမြတ်အစွန်းအဓိကမထားဘဲ ပြည်သူအတွက် ဝန်ဆောင်မှုသဘောဖြင့် စိုက်ထုတ်ကျခံဖြန့်ဝေခြင်းဖြစ်ကြောင်း သိရတော့ စိတ်မကောင်းဖြစ်လိုက်ရသေးသည်။ မိမိတော်တော်လေးအံ့ဩရင်း ဤမျှလွယ်သောအဖြေကို မစဉ်းစားတတ်တော့ဘူးလား။ ဈေးလေးတက်ရောင်းတော့ ဘာဖြစ်မှာမို့တုန်းဟု ကရုဏာဒေါသောဖြင့်တွေးရင်း အပြစ်တင်မိသည်။ ယနေ့ကြေးမုံ၊ မြန်မာ့အလင်း၊ The New Light of Myanmar ဟူသော သတင်းစာများ၌ သတင်းတန်ဖိုး၊ စာမျက်နှာရွက်ရေတန်ဖိုးစသည်ဖြင့် ချင့်တွက်လျှင် တစ်စောင်ကို ကျပ် ၁၀၀မကတန်သည်ကို အားလုံးလက်ခံထားပြီး ဖြစ်သည်။ ပြောင်းလဲလာသော ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ လိုက်လျောညီထွေပြုပြင်ပြောင်းလဲဆောင်ရွက်နေရသည့် ယနေ့အခါမျိုးဝယ် သတင်းစာတစ်စောင် ၅၀၊ ၁၀၀ ဆိုသည်မှာ တကူးတကထည့်သွင်းစဉ်းစားလောက်သည့် အခြေအနေမျိုး မဟုတ်တော့သည်ကိုလည်း အားလုံးနားလည်ပြီးဖြစ်ပေသည်။

ကိုယ်က ကိုယ်မြတ်နိုးသော သတင်းစာကြီးတွေ ပျောက်ကွယ်သွားမှာစိုးမိ၍ သတင်းစာဈေးနှုန်းကိစ္စတွေးမိခြင်းဖြစ်သည်။ နောက်ပိုင်း အေးအေးစဉ်းစားတော့မှသာ သူတို့သည်လည်း အတွေ့အကြုံပေါင်းများစွာ ဖြတ်သန်းခဲ့ရသူများဖြစ်သည်။ ပုဂ္ဂလိကသတင်းစာ မဟုတ်သည့်အတွက် လုပ်သမျှကို ပြည်သူတို့အတွက် ငဲ့ကွက်နေရသောကြောင့်သာ ဖြစ်ပေလိမ့်မည်။ တစ်စုံတစ်ခု အဖြေထွက်ရန်အတွက် ချင့်ချိန်နေရ၍သာ ဖြစ်ပေမည်ဟုတွေးမိပြီး အမြန်ဖြေရှင်းနိုင်စေရေး ဆုတောင်းပေးမိသည်။ ထိုသတင်းစာကြီးတွေအတွက် ကျားကန်ပေးထားသူ နိုင်ငံတော်အစိုးရကိုလည်း မဆီမဆိုင် သာခုခေါ်မိရသေးသည်။

**မိမိတို့ နိုင်ငံပိုင်သတင်းစာများကား ပရိသတ်များကျေနပ်ဖွယ် အစိုးရ၏မူဝါဒနှင့် သတင်းထုတ်ပြန်ချက်များကို စဉ်ဆက်မပြတ် သိနေရသည့်ပြင် သတင်းဖော်ပြချက်များမှာ တိကျခိုင်မာမှုအား ကောင်းလှသည်။ မြန်မာသတင်းစာသည် မြန်မာနိုင်ငံသားတို့အတွက်တော့ အဘိဓာန်သာဖြစ်သည်။ စာလုံးပေါင်းသတ်ပုံမှအစ ကျမ်းကိုင်စရာမလိုဘဲ သတင်းစာနှင့်ပင်လျှင် လုံလောက်သည်။ အကြောင်းအရာ ခိုင်မာသည်။ ပါတီစွဲ၊ ဝါဒစွဲ၊ ပုဂ္ဂိုလ်စွဲများလည်း ကင်းသည်။ ကြော်ငြာပင်လျှင် သတင်းစာတွင် ကြော်ငြာမှ ပြည်သူက ပို၍ယုံသည်။ မှတ်မှတ်ရရ ကြော်ငြာတွေ့လျှင် ဖြတ်သိမ်းထားသည်က သတင်းစာ ကြော်ငြာကိုသာဖြစ်သည်။ ထို့အပြင် နိုင်ငံပိုင်သတင်းစာက မြန်မာပြည်သူတို့စိတ်ထဲတွင် ထာဝစဉ်ပြန်တမ်းဖြစ်သည်။ အဆိုပါအချက်များကို ပြည်သူများထံ လှပစွာမှတ်သားဖွယ်ရာ ရောက်ရှိဖို့တော့ အဆင်အပြင်ကို ပြင်ဖို့ လိုမည်ဟု တွေးမိသည်။ ပြင်လျှင် ငွေပိုကုန်မည်။ မိမိကတော့ ဤအတွက် အပန်းမကြီး။ ထပ်ပေးရသည်ဆိုဦးတော့၊ တစ်ရက်အတွက် အချဉ်ထုပ်တစ်ထုပ် စာထက် ပိုစရာမရှိ၊ တစ်လအတွက် ထမင်းတစ်နပ်စာထက် ပိုစရာမရှိကြောင်းခန့်မှန်းမိသည်။ ဒီသတင်းစာတွေနှင့် တစ်သက်လုံး ပေါင်းလာသည်မို့ အကြောင်းသိနေပြီဟုဆိုနိုင်သည်။ ကိုယ်က လိုက်လျောဖို့ ဝန်မလေးသလို သူကလည်း ရက်ရက်စက်စက် လုပ်စရာမရှိ။ နှစ်ဖက်စလုံး ခံယူချက်ကွက်တိ ဖြစ်လိမ့်မည်။**

နောက်တစ်ခုလိုအပ်ချက်ကား ဖြန့်ချိမှုဖြစ်သည်။ တစ်လောကပင် မိမိတို့မြို့ သတင်းစာကိုယ်စားလှယ်က သေချာမဖြန့်သဖြင့် ရုံးပိတ်ရက်သတင်းစာကို ရုံးဖွင့်ရက်ကျမှသာ ဖတ်ရပေရာ သက်ဆိုင်ရာသို့ တိုင်လိုက်ရသေးသည်။ မဟာသင်္ကြန် ရုံးပိတ်ရက်လို ရက်ရှည် ရုံးပိတ်ရက်များ၌ပင် မည်သူတို့ မည်သို့ပိတ်ပိတ်၊ သတင်းရေးသူ၊ တည်းဖြတ်သူ၊ စာဖောင်သွင်းသူ၊ ပုံနှိပ်ထုတ်ဝေသူ၊ ဖြန့်ချိသူတို့ နား၍မရသည်ကို အချို့က နားမလည်ကြ။ ထိုသို့ မသိတတ်သည့် ဖြန့်ချိရေးများကိုလည်း သတင်းစာတိုက်များက စိစစ်ဆောင်ရွက်သင့်ပေသည်။

သတင်းစာကို စောစီးစွာ ရိုက်နှိပ်နိုင်သော်လည်း သတင်းစာပို့ဆောင်ဖြန့်ချိမှုစနစ် ချွတ်ယွင်းနှေးကွေးခြင်းဖြင့် သတင်းစာဂုဏ်သိက္ခာကို ထိပါးသည်။ လူကြိုက် နည်းသွားနိုင်သည်။ မိမိတို့က အနေသာချည်းဖြစ်သော်လည်း ပေါင် ၁၀ သန်းတန်ကိုယ့်အကြိုက် ဘောလုံးသမားဂိုးမဝင်လျှင် ရင်နာသကဲ့သို့ မခံစားချင်၊ နိုင်ငံတော် သတင်းစာကြီးတို့ကို “ပန်းပန်လျက်ပါ” ဖြစ်စေချင်သည်။ မိမိအပါအဝင် သတင်းစာအစွဲကြီးသူတို့က ဖြစ်နိုင်လျှင် သတင်းစာကို မိုးမလင်းမီ ဖတ်ချင်သည်။ ထိုမှမရလျှင် နေမတက်မီ ဖတ်ချင်သည်။ ထိုမှအဆင့်လျှော့လျှင် မိမိနံနက်စာစာပင် စားမဝင်တော့၊ စက်ဘီးသံကြားတိုင်း ပြတင်းပေါက်မှ ကိုယ်ကိုကိုင်း၍ ပြူထွက်ကာလာများလာပလား စိတ်ကစားမိသည်။ မွန်းလွဲ၍မှ ရောက်မလာလျှင်မူ ကမ္ဘာကြီးပူလာသလို နေမသိထိုင်မသာ ဖြစ်ရတော့သည်။ ဂျာနယ်တွင် မည်၍မည်မျှ သတင်းဦး၊ သတင်းထူး ပါသည်ဖြစ်စေ၊ သတင်းစာနှင့် တိုက်ဆိုင်ကြည့်ချင်စိတ်ကိုတော့ တားမရ။ သတင်းစာနောက်ကျချိန် ဂျာနယ်နှင့်တင်းတိမ်ရသော်လည်း သတင်းစာနှင့် မတိုက်ဆိုင်ရမချင်း ခံတွင်းကမတွေ့။ ဆားထည့်ဖို့မေ့သည့်ဟင်းနှင့် ဝမ်းစာဖြည့်မိသလိုဖြစ်ရသည်။

**ယခုအခါ နိုင်ငံပိုင်သတင်းစာ၌ အကြောင်းအရာပိုင်း၊ အရေးအသားပိုင်း၌ ပြောင်းလဲလာပြီကို တွေ့ရသည်။ မူဝါဒကို အတုံးလိုက်အတစ်လိုက် ဖော်ပြကြရာမှ ပါးလျားထိရှစွာ ဖော်ပြလာကြသည်။ သတင်းစာဟူသည် နိုင်ငံတော်အစိုးရနှင့် ပြည်သူတို့အကြား အပြန်အလှန်ပေါင်းကူးဆက်သွယ်ပေးသည့် မီဒီယာတံတားဖြစ်သကဲ့သို့ နိုင်ငံတော်အစိုးရနှင့် ပြည်သူတို့အကြားတွင် မှန်ကန်သော သတင်းအချက်အလက်များကို မြန်မြန်ဆန်ဆန်ပေးပို့ခြင်းဖြင့် စတုတ္ထမဏ္ဍိုင်တာဝန်ကို ကျေပွန်ရန် တာဝန်ရှိပေရာ မူဝါဒတို့ကြားညှပ်လျက် ဖတ်လိုရာရာများ ဖွယ်ဖွယ်ရာရာ ထည့်သွင်းလာခြင်းကို ကြိုဆိုရမည်သာ ဖြစ်ပေသည်။ ထိုသို့သာဆိုလျှင် ယခုထက် စောင်ရေတိုးတက်လာမည်ဖြစ်သလို ပြည်သူတို့အတွက်လည်း အကျိုးအမြတ်ထွက်ပေမည်။**

ထိုသို့ပါဝင်သည့် အကြောင်းအရာတို့ စုံလင်ဖို့ ကြိုးစားဆောင်ရွက်လာသလို မျက်စိပသာဒအတွက်လည်း မလွဲမသွေ မေ့၍မဖြစ်။ မိမိတို့လို သတင်းစာအစွဲကြီးသူများကတော့ ကိစ္စမရှိ၊ သို့သော် အချို့စာဖတ်ပရိသတ်က အလှမက်ကြသည်။ အအေးသောက်လျှင်ပင် တစ်ရောင်တည်း မုန့်လက်ဆောင်းထက် ရောင်စုံရွှေရင်အေးကို ဈေးကြီးပေး ရွေးချယ်သောက်သုံးကြသည်။ ဤသို့သောသူတို့သည်လည်း မိမိပရိသတ်ပင်ဖြစ်ပေရာ သူတို့အကြိုက်ကိုလည်း ဆောင်ကြဉ်းသင့်ပေသည်။ အရောင်စုံအသွေးစုံနှင့် သတင်းအသားပါ ပြည့်စုံလျှင် ပြောဖွယ်ရာမရှိပေပြီ။ ထိုသို့ဆိုလျှင် ရောင်စုံသတင်းစာတစ်စောင်၏တန်ဖိုးမှာ အခြေအနေအချိန်အခါအရ မြင့်မားကောင်းမြင့်မားသွားနိုင်သည်။ ကိစ္စမရှိ၊ ပြည်သူက သိသည်။ တွက်ချက်တတ်သည်။ သတင်းတန်ဖိုးသာမြင့်စေ၊ ငွေကိုသုံးနိုင်သည်။ အချဉ်ထုပ်တစ်ထုပ် လျှော့စားလိုက်လျှင်၊ စီးကရက်တစ်လိပ်နှစ်လိပ် လျှော့သောက်လိုက်လျှင်၊ ကွမ်းတစ်ထုပ် ခန့် လျှော့ဝါးလိုက်လျှင် ပြီးနိုင်ပေရာ ဤသည်မှာ စာရှုသူတို့ မှုစရာမဟုတ်။

သတင်းစာကိုင်ရင်း အတွေးထဲမှာစီးမျောနေသော မိမိအား နံနက်စာစာချိန်ကုန်ပြီမို့ စားပွဲထိုးသူငယ်ကလေးက သတိပေးလာသည်။ သူတို့လည်း နေ့လယ်စာအတွက်ပြင်ဆင်ရဦးမည်ဖြစ်ပေရာ အားနာစကားဆိုလျက် အမြန်ထွက်ခဲ့မိသည်။ ဖန်ခွက်ကလေးများချိတ်ဆွဲလျက် အစီအရီ၊ စတီးဟင်းပေါင်းအိုးကြီးများ ညီညာနေသည်ကတော့ ထမင်းစားခန်းမ၏ ဟိတ်ဟန်ပင်ဖြစ်သည်။ ဤဟိတ်ဟန်က မိမိတို့အိတ်ထဲမှ ငွေအတော်များများကို နှုတ်ယူသွားသည်။ မဟော်ဂနီရောင် စားပွဲကြီးများကလည်း ဝင်မည့်သူပင် မဝံ့မရဲဖြစ်ရလောက်အောင် ပြောင်လက်တောက်ပလှသည်။ စားရသည်ကို ကောင်းမကောင်း၊ တန်မတန် မဝေဖန်ရဲလောက်အောင်ပင် ဂုဏ်အင်္ဂါကြီးလှပေရာ ဤအရာကား ဥပမာထားလောက်ဖွယ်ရာဖြစ်သည်။ မိမိဆိုခဲ့သလို သူ့သတင်းစာ နှစ်ဒေါ်လာကို များသည်ဟု ဆိုမိသည်အတွက် အဆင်တန်ဆာတို့ကို ကိုးကွယ်သူအချို့ကလည်း မိမိကိုဟာသလုပ်လိုပေမည်။ ထိုသို့သော ပုဂ္ဂိုလ်များရော၊ စာကိုသာ သီးသန့်ချစ်သူများအတွက်ပါ တစ်ပါတည်းခရီးတွင်စေရန်အတွက် မိမိတို့သတင်းစာများ၏ သတင်းအနှစ်ကို ကျစ်လျစ်ပြည့်တင်းစေရန်လိုသလို ရုပ်သဏ္ဌာန်ကိုလည်း ဟိတ်ဟန်အနည်းငယ်တင်ရပေမည်။ ထိုနောက်မှ လိုက်ပါလာမည့် ကုန်ကျမှုစာရင်းရှည်ကြီးကိုကား ထုတ်ဝေသူနှင့် စာဖတ်ပရိသတ်တို့အကြား မျှတသောနှုန်းထားဖြင့် ဖြေရှင်းသွားနိုင်မည်မှာ မလွဲသေချာဖြစ်သည်ကို နှစ်ပေါင်းများစွာ သတင်းစာကိုစွဲစွဲမြဲမြဲဖတ်ရှုဖြစ်ခဲ့သူ မိမိကအနာဂတ်သို့ ပြေးလွှားခန့်မှန်းစကားဆိုမိခဲ့ပေပြီ။ ။

# မြန်မာနိုင်ငံ အောက်ပိုင်း ဒေသများ မိုးရွာနိုင်

**နေပြည်တော် မေ ၇**

**ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ** လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ မွန်ပြည်နယ်တွင် နေရာစိပ်စိပ်၊ ပဲခူးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကရင်ပြည်နယ်တွင် ဒေသအလိုက်မိုးကြီးခဲ့သည်။ နေ့အပူချိန်များမှာ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး ရှမ်းပြည်နယ် (အရှေ့ပိုင်း)တွင် မေလ၏ပျမ်းမျှအပူချိန်အောက် ၉ ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၄ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ** မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ** မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးထစ်ချုန်းရွာနိုင်သည်။

**နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

# ဘောလိဝုဒ်ရုပ်ရှင်မင်းသား အမီရာခန်း ဇာတ်ကားသစ်ရိုက်ကူးနေ



**နယူးဒေလီ မေ ၇**

အိန္ဒိယဘောလိဝုဒ်ရုပ်ရှင်မင်းသား အမီရာခန်း **(ဝဲပုံ)**သည် Back in Action အမည်ရှိ ဇာတ်ကားကို ရိုက်ကူးလျက်ရှိရာ လာမည့် ၂၀၁၃ ခုနှစ်ဆန်းပိုင်းတွင် ရုံတင်ပြသရန် စီစဉ်လျက်ရှိသည်ဟု မေ ၇ ရက်က သတင်းထုတ်ပြန်သည်။

၎င်းဇာတ်ကားကို ရုပ်ရှင်မင်းသား အမီရာခန်း ခေါင်းဆောင် ပါဝင်သရုပ်ဆောင်ထားပြီး ကိုယ်တိုင်ပူးတွဲ ထုတ်လုပ်သူအဖြစ် ဆောင်ရွက်ထားသည်။ Back in Action ဇာတ်ကားတွင် ရုပ်ရှင်မင်းသားအမီရာခန်း၏ ဘဝအစိတ်အပိုင်းများကိုလည်း ထည့်သွင်း ရိုက်ကူးထားသည်။

အသက် ၄၇ နှစ်အရွယ်ရှိပြီဖြစ်သော ရုပ်ရှင်မင်းသားအမီရာခန်းသည် အိန္ဒိယနိုင်ငံတစ်ဝန်း၌ မကြာမီက ထုတ်လွှင့်ပြသခဲ့သော Talaash Dhoom အမည်ရှိဇာတ်ကားမှာလည်း ပရိသတ်များ တစ်ခဲနက်ကြည့်ရှုအားပေးခဲ့သဖြင့် ဝင်ငွေကောင်းသည့် ဇာတ်ကားတစ်ကားဖြစ်ခဲ့သည်။

**ထုတ်လွှင့်ပြသ**

ရုပ်ရှင်မင်းသားအမီရာခန်း၏ ဇာတ်ကားများကို သီတင်းအပတ်စဉ် နိုင်ငံပိုင် ရုပ်မြင်သံကြားမှနေ၍ ထုတ်လွှင့်ပြသရန်အတွက် နှစ်ဦးနှစ်ဖက်သဘောတူညီမှုရရှိထားပြီဖြစ်ရာ မကြာမီစတင်ပြသမည်ဖြစ်သည်။

ယင်းရုပ်ရှင်ကားများအနက် Rang De Basanti နှင့် Colour it Satfron ဇာတ်ကားများကဲ့သို့ လူငယ်များအတွက် အသိပညာနှင့် ဗဟုသုတရရှိစေမည့် ဇာတ်ကားများလည်း အပတ်စဉ်ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။

မိမိသည် ပရိသတ်အတွက် အမြဲရှင်သန်နေမည်ဟူသော သန္နိဋ္ဌာန်ချမှတ်ထားကြောင်း သတင်းထောက်များနှင့် တွေ့ဆုံချိန်၌ ရုပ်ရှင်မင်းသား အမီရာခန်းက ပြောကြားသည်။ သူသည် သရုပ်ဆောင်၊ ဒါရိုက်တာ၊ ထုတ်လုပ်သူနှင့် ဇာတ်ညွှန်းများလည်း ရေးသားသူအဖြစ် လုပ်ကိုင်လျက်ရှိရာ အမီရာခန်းသည် ယခုအချိန်အထိ ရုပ်ရှင်ကားပေါင်း ရှစ်ကားခန့် ကိုယ်တိုင်ထုတ်လုပ်ပြီးဖြစ်သည်။

ရုပ်ရှင်မင်းသားအမီရာခန်းသည် ၁၉၈၆ ခုနှစ်၌ ရေးနာဒက်တာနှင့်လက်ထပ်ခဲ့ပြီး ၂၀၀၂ ခုနှစ်တွင် ကွာရှင်းခဲ့သည်။ ၂၀၀၅ ခုနှစ်တွင် ကီရင်ရေးနှင့် လက်ထပ်ကာ ယခုအချိန်၌ ဇာတ်ကားသစ်များရိုက်ကူးရန် စီစဉ်လျက်ရှိသည်။ **(အင်တာနက်)**

**မောင်မောင်မြင့်ဆွေ – စုစည်းသည်**

# ရုပ်ရှင်မင်းသမီး ကင်ဂိုအန်ပါဝင်သည့် Eungyo ဇာတ်လမ်းတွဲပြသမည်



**ဆိုးလ် မေ ၇**

တောင်ကိုရီးယားရုပ်ရှင်မင်းသမီးကင်ဂိုအန် **(ယာပုံ)**ကို ခေါင်းဆောင်ရုပ်ရှင်မင်းသမီးအဖြစ်ရိုက်ကူးခဲ့တဲ့ Eungyo အမည်ရှိတဲ့ရုပ်ရှင်ကားဟာ မကြာခင်မှာ ပြန်လည်ပြသမယ်လို့ မေ ၇ရက်က သတင်းထုတ်ပြန်လိုက်ပါတယ်။

ဒီရုပ်ရှင်ကားကို တောင်ကိုရီးယားပရိသတ်တွေရဲ့တောင်းဆိုမှုကြောင့် ဇာတ်ကားပေါင်း ၃၀၀ မှနေပြီး ပရိသတ်အကြိုက်နှစ်သက်ဆုံးအဖြစ် ရွေးချယ်ပြသတာဖြစ်ပါတယ်။ ဒီဇာတ်ကားဟာ ဒရာမာရုပ်ရှင်ကားဖြစ်ပြီး ပရိသတ်တွေအထူးနှစ်သက်အားပေးခဲ့ကြတဲ့ ဇာတ်ကားလည်းဖြစ်ပါတယ်။

ဂျန်ဂျီဝူးက ရိုက်ကူးပြီး တောင်ကိုရီးယားရုပ်ရှင်မင်းသားပက်ဟေအီနဲ့ ရုပ်ရှင်မင်းသမီးကင်ဂိုအန်တို့က ခေါင်းဆောင်သရုပ်ဆောင်ထားတဲ့ ဒရာမာဇာတ်ကားဖြစ်ပါတယ်။

ဒီဇာတ်ကားကိုရိုက်ကူးစဉ်က ရုပ်ရှင်မင်းသမီးကင်ဂိုအန်ဟာ အသက် ၁၇နှစ်အရွယ်ပဲရှိသေးပြီး အနုပညာအတွေ့အကြုံ မရင့်ကျက်သေးပေမယ့် ဒါရိုက်တာ ဂျန်ဂျီဝူးက ယုံကြည်မှုအပြည့်နဲ့ ခေါင်းဆောင်မင်းသမီးတင်ကာ ရိုက်ကူးခဲ့ခြင်းဖြစ်ပါတယ်။

ရုပ်ရှင်မင်းသမီးကင်ဂိုအန်ဟာ အခုအသက် ၂၁နှစ်အရွယ်ရှိပြီး မိသားစုအကုန် တရုတ်နိုင်ငံကိုပြောင်းရွှေ့နေထိုင်ခဲ့ပေမယ့် ကင်ဂိုအန်ကတော့ အနုပညာအလုပ်တွေပဲ ဆက်တိုက်လုပ်ကိုင်နေသူဖြစ်ပါတယ်။ သူမဟာ သရုပ်ဆောင်အပြင် ရုပ်ရှင်ထုတ်လုပ်သူအဖြစ်လည်းလုပ်ကိုင်မှာမို့ တချို့ဇာတ်ကားတွေကို ကိုယ်တိုင်ထုတ်လုပ်ဖို့ စီစဉ်နေပြီဖြစ်ပါတယ်။

အဲဒီဇာတ်ကားဟာ ရုပ်မြင်သံကြားဇာတ်လမ်းတွဲဖြစ်ပြီး ကေဘီအက်စ် ရုပ်မြင်သံလိုင်းက ထုတ်လွှင့်ပြသမှာဖြစ်ပါတယ်။ ဒီဇာတ်ကားကို တောင်ကိုရီးယားပရိသတ် သန်းနဲ့ချီပြီး စောင့်မျှော်ကြည့်ရှုအားပေးခဲ့ကြတာမို့ အခုထပ်မံပြသတဲ့အချိန်မှာလည်း ပရိသတ်တွေ ပြန်လည်အားပေးကြမှာဖြစ်ပါတယ်။ **(အင်တာနက်)**

# The Avengers Storm ဇာတ်ကား တစ်ပတ်အတွင်း ဒေါ်လာ သန်း၂၀၀ကျော် ဝင်ငွေရရှိ

**လော့စ်အိန်ဂျလိစ် မေ ၇**

ဟောလိဝုဒ်ရုပ်ရှင်ကားဖြစ်သည့် The Avengers Storm ဇာတ်ကားသည် မြောက်အမေရိကတစ်ဝန်း ရုံတင်ပြသခဲ့ရာ ပထမသီတင်းပတ်၌ပင် ဝင်ငွေ အမေရိကန်ဒေါ်လာ ၂၀၀ ဒသမ ၃ သန်း ရရှိခဲ့ကြောင်း မေ ၇ ရက်က သတင်းထုတ်ပြန်သည်။

ယင်းဇာတ်ကားကို ဒါရိုက်တာ ဂျို့စ်ဝီဒင်က ရိုက်ကူးထားခြင်းဖြစ်ပြီး စိတ်ဝင်စားဖွယ်ရာ အက်ရှင်ဇာတ်ဝင်ခန်းများပါရှိသောဇာတ်ကားဖြစ်သည်။ ယင်းဇာတ်ကားသည် Hulk ၊ Iron Man နှင့် Thor ဇာတ်ကားများကဲ့သို့ ဝင်ငွေကောင်းသည့် ဇာတ်ကားလည်းဖြစ်သည်။

ပြသဆဲဇာတ်ကားများတွင် Think Like A Man ဇာတ်ကားမှာ ပြီးခဲ့သည့်သီတင်းပတ်က ဝင်ငွေ အမေရိကန်ဒေါ်လာ ရှစ်သန်းရရှိခဲ့သည်။ တစ်ဖန် ရုံတင်ပြသသည့် ပထမဆုံးသီတင်းပတ်၌ ဝင်ငွေအကောင်းဆုံးစံချိန်တင်ခဲ့သည့် The Hunger Games ဇာတ်ကားမှာ ပြီးခဲ့သောသီတင်းပတ်က ဝင်ငွေ အမေရိကန် ဒေါ်လာ ၅ ဒသမ ၇ သန်း ရရှိခဲ့သည်။

တစ်ဖန် The Pirates ဇာတ်ကားမှာ ပြီးခဲ့သည့်သီတင်းပတ်က အမေရိကန်ဒေါ် လာ ၅ ဒသမ ၄ သန်းရရှိခဲ့ပြီး The Five-Year Engagement ဇာတ်ကားမှာ ပြီးခဲ့သည့်သီတင်းပတ်က ဝင်ငွေ အမေရိကန်ဒေါ်လာ ငါးသန်းရရှိခဲ့သည်။ **(အင်တာနက်)**

**ကောင်းမြတ်သူ – စုစည်းသည်**

# အဆိုတော် ဂျင်နီဖာလိုပက်ဇ် သရုပ်ဆောင်စတုန်းရဲ့ ဖက်ရှင်အတိုင်းဝတ်ဆင်ပြသ



**လော့စ်အိန်ဂျလိစ် မေ ၇**

အဆိုတော် ဂျင်နီဖာလိုပက်ဇ်ဟာ ရုပ်ရှင်မင်းသမီး အီမန်စတုန်းရဲ့ ဖက်ရှင်ပုံစံနဲ့ တစ်ပုံစံတည်းတူအောင် ချုပ်ဝတ်ခဲ့ပါတယ်။ ဂျင်နီဖာလိုပက်ဇ် **(ဝဲပုံ)**ဟာ ဒီဝတ်စုံကို ဟောလိဝုဒ်ရဲ့ ရှိုးပွဲတစ်ခုမှာ ဝတ်ဆင်ပြသခဲ့တာပါ။ ပရိသတ်တွေအာရုံအစိုက်ဆုံး ဖက်ရှင်ဝတ်စုံဖြစ်ခဲ့ပါတယ်။

**ဝတ်ဆင်ပြသ**

အသက် ၄၂ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဂျင်နီဖာလိုပက်ဇ်ဟာ မကြာမီက ကမ္ဘာလှည့်ဖျော်ဖြေပွဲအတွက် ပရိသတ်တွေနဲ့ မိတ်ဆက်ပြောဆိုတဲ့ အခမ်းအနားမှာ ဝတ်ဆင်ပြသခဲ့တာဖြစ်ပါတယ်။

The Help ရုပ်ရှင်ဇာတ်ကားနဲ့ အောင်မြင်ကျော်ကြားလာတဲ့ ရုပ်ရှင်မင်းသမီး အီမန်စတုန်းဟာ ဒီဝတ်စုံကို ဇန်နဝါရီ ၁၃ ရက်က ဟောလိဝုဒ်ရုပ်ရှင်ရိုက်ကွင်းတစ်ခုမှာ ဝတ်ဆင်ခဲ့တာပါ။ အီမန်စတုန်းဝတ်တုန်းက ဒီဝတ်စုံဟာ သိပ်ပြီးလူစိတ်ဝင်စားမှုမရှိခဲ့ဘူးလို့ ဆိုပါတယ်။ သို့သော်လည်း ပြီးခဲ့တဲ့ ဧပြီ ၃၀ ရက်မှာ ဂျင်နီဖာလိုပက်ဇ်ဝတ်ဆင်ပြတဲ့အခါမှာ အလွန်လိုက်ဖက်တဲ့ ဖက်ရှင်ဝတ်စုံဖြစ်နေတယ်လို့ ဆိုပါတယ်။ ဒီဖက်ရှင်ဟာ အပေါ်အောက် တစ်ဆက်တည်းချုပ်လုပ်ထားတဲ့ ဖက်ရှင်ဝတ်စုံဖြစ်ပါတယ်။ ဂျင်နီဖာလိုပက်ဇ်ရဲ့ ကိုယ်လုံးကိုယ်ပေါက်အနေအထားနဲ့ ဒီဖက်ရှင်ဟာ အလွန်လိုက်ဖက်တဲ့ ဝတ်စုံဖြစ်တယ်လို့ ပရိသတ်တွေက ချီးကျူးပြောဆိုခဲ့ကြပါတယ်။

အဆိုတော် ဂျင်နီဖာလိုပက်ဇ်ဟာ အဆိုတော်တစ်ဦးဖြစ်သလို ရုပ်ရှင်မင်းသမီးလည်းဖြစ်ပါတယ်။ ဒါ့အပြင် သူမဟာ အမေရိကန်သီချင်းဆိုပြိုင်ပွဲရဲ့ ဒိုင်ချုပ်လည်းဖြစ်ပါတယ်။ သူမဟာ မကြာမီက အမျိုးသား တေးသံရှင်နှစ်ဦးနဲ့အတူ မြောက်အမေရိကသို့ သွားရောက်ဖျော်ဖြေဖို့ စီစဉ်နေပါတယ်။ အသက် ၂၃ နှစ်အရွယ်ရှိတဲ့ မင်းသမီး အီဗန်စတုန်းရဲ့ ဒီဝတ်စုံကို အမျိုးသမီးမဂ္ဂဇင်းက အကောင်းဆုံးဖက်ရှင်ဝတ်စုံအဖြစ် ရွေးချယ်ထားတဲ့ ဖက်ရှင်ဝတ်စုံဖြစ်ပါတယ်။ **(အင်တာနက်)**



# အဆိုတော် မော်ဒယ်ဗစ်တိုးရီးယား ဘက်ခမ်းကို အကောင်းဆုံးမွေးနေ့လက်ဆောင်ပေး

**လော့စ်အိန်ဂျလိစ် မေ ၇**

ကမ္ဘာကျော်ဘောလုံးသမားဒေးဗစ်ဘက်ခမ်းကို ဇနီးဖြစ်သူ အဆိုတော်မော်ဒယ်ဗစ်တိုးရီးယားဘက်ခမ်းက အကောင်းဆုံးမွေးနေ့လက်ဆောင်ပေးခဲ့ပါတယ်။ မေ ၂ ရက်ဟာ ဒေးဗစ်ဘက်ခမ်းရဲ့မွေးနေ့ပါ။ သူ့မွေးနေ့မှာ ဇနီးဖြစ်သူ ဗစ်တိုးရီးယားက အမေရိကန်ကြေးစားဘတ်စကက်ဘောကစားသမားဟောင်း ဟာဗင်မာဂျစ်ဂ္ဂန်ဆင်လက်မှတ်ရေးထိုးထားတဲ့ ဘတ်စကက်ဘောဂျာစီတစ်ထည်ကို မွေးနေ့လက်ဆောင်အဖြစ်ပေးခဲ့ပါတယ်။ **(ဝဲပုံ)**

ဒေးဗစ်ဘက်ခမ်းဟာ ဘောလုံးသမားဖြစ်ပေမယ့် ဘတ်စကက်ဘောဝါသနာအိုးတစ်ယောက်လို့ဆိုပါတယ်။ ကမ္ဘာကျော်ဘတ်စကက်ဘောသမားတွေကို အားကျတဲ့အထဲမှာ ဒေးဗစ်ဘက်ခမ်းလည်း တစ်ယောက်အပါအဝင်ဖြစ်ပါတယ်။ ထို့ကြောင့်လည်း ချစ်သူဖြစ်သူ ဗစ်တိုးရီးယားက မှတ်မှတ်ရရ ဒီဂျာစီအင်္ကျီကို အမှတ်တရမွေးနေ့လက်ဆောင်အဖြစ်ပေးခဲ့တာလို့ ဗစ်တိုးရီးယားဘက်ခမ်းကပြောပါတယ်။ ဒေးဗစ်ဘက်ခမ်းက ဒီဂျာစီအင်္ကျီကို ဝတ်ပြီးပြသခဲ့ရာမှာ ဖေ့စ်ဘုတ်စာမျက်နှာမှာ သူ့ပုံတွေတွေ့ရတယ်လို့ဆိုပါတယ်။ ဘက်ခမ်းဟာ သူ့ရဲ့မွေးနေ့ပွဲမှာ ကြက်အူချောင်း၊ ဝက်အူချောင်း၊ ဝက်ပေါင်ခြောက်တွေနဲ့လုပ်ထားတဲ့ ပလာတာစားနေတဲ့ပုံ၊ ပရိသတ်တွေကသူ့ကို ဝိုင်းရံထားတဲ့ပုံတွေကိုလည်း ဖေ့စ်ဘုတ်မှာ တွေ့ရတယ်လို့ဆိုပါတယ်။ **(အင်တာနက်)**

# အဆိုတော် ဂျပ်စတင်ဘီဘာရဲ့ Boyfriend ဗီဒီယိုအခွေထွက်ပြီ



**လော့စ်အိန်ဂျလိစ် မေ ၇**

Baby သီချင်းနဲ့ အောင်မြင်ကျော်ကြားခဲ့တဲ့ အဆိုတော် ဂျပ်စတင်ဘီဘာ **(ယာပုံ)**ရဲ့ ဗီဒီယိုအခွေသစ်ထွက်ရှိလို့လာပါပြီ။

ဒီသီချင်းခွေရဲ့ အမည်ကတော့ Boyfriend လို့ အမည်ပေးထားတဲ့ ဗီဒီယိုအခွေပဲဖြစ်ပါတယ်။ အသက် ၁၈ နှစ်သာရှိသေးတဲ့ ကနေဒါလူငယ်အဆိုတော်လေးရဲ့ အဲဒီဗီဒီယိုအခွေဟာ မေ ၅ ရက်က စတင်ထွက်ရှိခဲ့တာဖြစ်ပါတယ်။

ဒီအခွေဟာ အောင်မြင်မှုအထွတ်အထိပ်သို့ ရောက်ရှိလိမ့်မယ်လို့ အဆိုတော် ဂျပ်စတင်ဘီဘာက ပြောပါတယ်။ ယခင်ထွက်ရှိခဲ့တဲ့ အခွေတွေထက် ပိုကောင်းလိမ့်မယ်လို့လည်း သူကပြောပါတယ်။ ဒီအခွေထဲမှာ မိန်းကလေးငယ်တွေနဲ့အတူ သရုပ်ဆောင်ထားတာဖြစ်ပါတယ်။

**အားကျ**

ဂျပ်စတင်ဘီဘာရဲ့ Girlfriend လို့ အမည်ရတဲ့ ဗီဒီယိုသီချင်းခွေဟာလည်း အောင်မြင်ခဲ့တဲ့ သီချင်းခွေဖြစ်ပါတယ်။ အဆိုတော် ဂျပ်စတင်ဘီဘာက သူယခုလိုအောင်မြင်နေတာ ဂျပ်စတင်တင်းဘားလိတ်ကိုအားကျပြီး သီဆိုခဲ့တာကြောင့် အောင်မြင်နေတာလို့ သူက ဆိုပါတယ်။ သူဟာ ငယ်စဉ်ကတည်းက အနုပညာရှင်ဖြစ်လာတဲ့အထိ ဂျပ်စတင်တင်းဘားလိတ်ကို အားကျခဲ့တာပါပဲဟု ဂျပ်စတင်ဘီဘာက ပြောပါတယ်။ **(အင်တာနက်)**

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး ပုသိမ်ပင်မဓာတ်အားခွဲရုံစစ်ဆေး

## ချောင်းသာနှင့် ငွေဆောင်တို့၌ လျှပ်စစ်မီးရရှိရေးဆောင်ရွက်ရန်မှာကြား

ရန်ကုန် မေ ၇

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် မေ ၆ ရက် နံနက် ၁၀ နာရီတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်၌ တည်ဆောက်လျက်ရှိသည့် 230/66/11 KV, 2 x 50 MVA ပုသိမ်ပင်မဓာတ်အားခွဲရုံ တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံး၌ ခရိုင်၊ မြို့နယ် လျှပ်စစ်အင်ဂျင်နီယာများ၊ ဓာတ်အားခွဲရုံမှူးများနှင့် ဝန်ထမ်းများအား တွေ့ဆုံ၍ ချောင်းသာနှင့် ငွေဆောင်တို့၌ လျှပ်စစ်မီးအမြန်ရရှိရေး အပါအဝင် ဆောင်ရွက်ရမည့်လုပ်ငန်းများကို မှာကြားပြီး ပုသိမ်မြို့ရှိ 66/11 KV, 10 MVA မြတ်တိုခွဲရုံကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)





**ပုသိမ်ပင်မဓာတ်အားခွဲရုံ**

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး ကန်ကြီးထောင့်မြို့နယ်၌ အသစ်တည်ဆောက်လျက်ရှိသော ပုသိမ်ပင်မဓာတ်အားခွဲရုံကို စစ်ဆေးစဉ်။ (သတင်းစဉ်)

**မြန်မာ့အလင်း နိုင်ငံတကာအနုပညာရပ်ဝန်း**

အာကာကျော် - ရေးသားသည်

## လေဒီဂါဂါသောက်ခဲ့သည့် လက်ဖက်ရည်ပန်းကန် ယန်း ခြောက်သန်းကျော်ဖြင့် လေလံတင်ရောင်းချ

*တိုကျို မေ ၇*

*ကမ္ဘာကျော်အဆိုတော် လေဒီဂါဂါ အသုံးပြုသောက်ခဲ့သည့် လက်ဖက်ရည် အချိုပန်းကန်နှင့် ပန်းကန်ပြားတစ်စုံကို ဂျပန်ယန်းငွေ ခြောက်သန်းကျော် (အမေရိကန်ဒေါ်လာ ၇၅၀၀၀)ဖြင့် လေလံတင်ရောင်းချလိုက်ကြောင်း ၎င်းလေလံတင်ရောင်းချရေးအဖွဲ့က မေ ၇ ရက်တွင် ပြောကြားသည်။*

*အဆိုပါ လေလံတင်ပွဲကို သီတင်းတစ်ပတ်ကြာ ဂျပန်နိုင်ငံ တိုကျိုမြို့၌ ပြုလုပ်ခဲ့ပြီးနောက် မေ ၆ ရက် တနင်္ဂနွေနေ့ ဂရင်းနစ်စံတော်ချိန် ၁၄ နာရီတွင် လေလံပွဲပြီးဆုံးသွားရာ အများဆုံး ဂျပန်ယန်းငွေ ၆၀၁၁၀၀၀ ဖြင့် လေလံပွဲအောင်သွားခဲ့သည်။*

*ယင်း လက်ဖက်ရည်အချိုပန်းကန်သည် ပြီးခဲ့သည့်နှစ် မတ်လက ဂျပန်ကမ်းရိုးတန်း၌ ဖြစ်ပွားခဲ့သော ဆူနာမီဖြစ်ပြီးနောက် သုံးလအကြာ တိုကျိုမြို့သို့ လေဒီဂါဂါလာရောက်စဉ် အသုံးပြုခဲ့သော လက်ဖက်ရည်ပန်းကန်ဖြစ်သည်။ အဆိုတော် လေဒီဂါဂါက သူမ၏*



*နှုတ်ခမ်းဆီ အမှတ်အသားကိုပါ လေလံတင်ရောင်းချမည်ဖြစ်ကြောင်း ထိုအချိန်က သတင်းထောက်များအား ပြောကြားခဲ့သည်။*

*လေလံတင်ရောင်းချရသည့် ငွေကြေးကို အမေရိကန်နိုင်ငံ၌*

**စာမျက်နှာ ၅ ကော်လံ ၁** ◆

# အမေရိကန်နှင့် ကနေဒါနိုင်ငံတို့က မြန်မာနိုင်ငံအပေါ် ပိတ်ပင်တားမြစ်ချက်အချို့နှင့်စပ်လျဉ်း၍ ရပ်ဆိုင်းကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် မေ ၇

**မြန်မာနိုင်ငံ၏ လက်ရှိအစိုးရအဖွဲ့သစ်အနေဖြင့် စတင်တာဝန်ယူချိန်မှအစပြု၍ ဒီမိုကရေစီစနစ်သို့ အသွင်ကူးပြောင်းပြီး နိုင်ငံတော်သစ်တည်ဆောက်ရန်နှင့် ဒီမိုကရေစီစနစ် ရှင်သန်ဖွံ့ဖြိုးတိုးတက်စေရန် ဦးတည်လျက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ပြုပြင်ပြောင်းလဲမှုများကို အချိန်တိုအတွင်း အင်တိုက်အားတိုက်ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့သည်။ ထိုထိုသော ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ၏ ထိရောက်အောင်မြင်မှုများကြောင့် မြန်မာနိုင်ငံအပေါ်ချမှတ်ထားသည့် ပိတ်ဆို့အရေးယူမှုများနှင့်စပ်လျဉ်း၍ ပြည်ပနိုင်ငံများက ဖြေလျှော့မှုများကို ပြောင်းလဲဆောင်ရွက်နေကြပြီဖြစ်သည်။**

ယခုအခါ အမေရိကန်နိုင်ငံက မြန်မာနိုင်ငံအပေါ် ငွေကြေးလွှဲပြောင်းပေးပို့မှု ကန့်သတ်ချက်အချို့အား လျှော့ပေါ့ပေးခြင်းနှင့် ပတ်သက်၍ ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည့်နည်းတူ ကနေဒါနိုင်ငံကလည်း မြန်မာနိုင်ငံအပေါ် ချမှတ်ထားသည့် ကန့်သတ်ပိတ်ဆို့မှုအများစုအား ရပ်ဆိုင်းကြောင်းနှင့်စပ်လျဉ်း၍ စည်းမျဉ်းတစ်ရပ် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

အမေရိကန်နိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ပပိုင်ဆိုင်မှုထိန်းချုပ်ရေးဌာနအနေဖြင့် မြန်မာနိုင်ငံအပေါ် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာလုပ်ငန်းများ၊ ဘာသာရေးဆိုင်ရာလုပ်ငန်းများနှင့် အခြားအမြတ်အစွန်းရရှိရေးအတွက်မဟုတ်သော လုပ်ငန်းများဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေမည့် ငွေကြေးလွှဲပြောင်းပေးပို့မှုများကို ခွင့်ပြုသည့် General License No. 14-C ကို ဧပြီ ၁၇ ရက်က ထုတ်ပြန်ကြေညာခဲ့သည်။ အဆိုပါကြေညာချက်တွင် မြန်မာနိုင်ငံ၌ အခြေခံလူတန်းစား လိုအပ်ချက်များ၊ ကျန်းမာရေး၊ ပညာရေး၊ တရားဥပဒေစိုးမိုးရေး၊ အားကစားဆိုင်ရာ၊ ဘာသာရေးဆိုင်ရာနှင့် ပြည်သူများအား တိုက်ရိုက်အကျိုးသက်ရောက်မည့် စီးပွားရေးလုပ်ငန်းမဟုတ်သော ဖွံ့ဖြိုးရေးစီမံကိန်းများ တည်ဆောက်ခြင်း၊ ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် တိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ခြင်းတို့၌ ငွေကြေးလွှဲပြောင်းမှုများကို ခွင့်ပြုခဲ့သည်။

အလားတူ ကနေဒါနိုင်ငံကလည်း မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲဆောင်ရွက်မှုများအပေါ် ထောက်ခံအားပေးသည့်အနေဖြင့် မြန်မာနိုင်ငံအပေါ် ချမှတ်ထားသည့် ကန့်သတ်ပိတ်ဆို့မှုအများစုကို ဧပြီ ၂၄ ရက်က ပြင်ဆင်ပြောင်းလဲသည့် စည်းမျဉ်းအမိန့်တစ်ရပ် ထုတ်ပြန်ပြီး ဖယ်ရှားခဲ့သည်။ ယင်းပြင်ဆင်ချက်အရ ကုန်ပစ္စည်းတင်သွင်းမှု၊ တင်ပို့မှုနှင့် ရင်းနှီးမြှုပ်နှံမှုများအပေါ် ပိတ်ပင်တားမြစ်ထားချက်များ၊ သင်္ဘောများ၊ လေယာဉ်များ ဆိုက်ကပ်၊ ဆင်းသက်၊ ရပ်နားမှုအပေါ် တားမြစ်ထားချက်များနှင့် ဘဏ္ဍာရေးငွေကြေးဝန်ဆောင်မှုပေးအပ်ခြင်း၊ ရယူခြင်းအပေါ် ပိတ်ပင်တားမြစ်ထားချက်များကို ဖယ်ရှားခဲ့သည်။

ကနေဒါနိုင်ငံအနေဖြင့် ကာလအပိုင်းအခြား သတ်မှတ်ဖော်ပြခြင်းမပြုဘဲ ပိတ်ပင်တားမြစ်ချက်အချို့ကို ယခုကဲ့သို့ ပြင်ဆင်ထုတ်ပြန်ကာ ဖယ်ရှားလိုက်ခြင်းဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုများအပေါ် မူတည်၍ ကနေဒါနိုင်ငံ၏ မူဝါဒကို အပြုသဘော ပြုပြင်ပြောင်းလဲမှုများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

# ရန်ကုန်၌ မိုးသည်းထန်စွာရွာသွန်း

➤ သတင်းနှင့်ဓာတ်ပုံ - သတင်းခရီးသည်တစ်ဦး ➤

ရန်ကုန် မေ ၇

ယနေ့ညနေ ၅ နာရီကျော်က ရန်ကုန်မြို့တွင်း မြို့နယ်များနှင့် အခြားမြို့နယ်အချို့တို့၌ ရုတ်တရက် မိုးများ သည်းထန်စွာ ရွာသွန်းခဲ့သည်။

၁၅ မိနစ်မျှ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် အချို့သောမြို့နယ်တို့၌ လမ်းများပေါ်တွင် ရေလျှံမှုများ ဖြစ်ပေါ်ခဲ့သည်။ မြို့တွင်း ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်းနှင့် ကုန်ဈေးတန်းလမ်းဧရိယာအတွင်း အနော်ရထာလမ်းမကြီးပေါ်၌ မိုးရေများ ရေနုတ်မြောင်းအတွင်းသို့မဆင်းဘဲ လမ်းမကြီးတစ်ဝက်နီးပါးအထိ လျှံတက်ခဲ့သည်။ ရေများလျှံတက်မှုကြောင့် ခရီးသွားများ ရေထဲ၌ စမ်းတဝါးဝါးဖြင့် ခက်ခက်ခဲခဲ သွားလာခဲ့ကြရသည်။

ကားလမ်းတစ်လျှောက် ယာဉ်များ ပိတ်ဆို့ခဲ့ပြီး လိုင်းကားကြီးများ အချိန်ပိုင်းမျှ ခေတ္တပြတ်တောက်သွားခဲ့သည်။

*စာမျက်နှာ ၅ ကော်လံ ၁* ●



**အနော်ရထာလမ်းမကြီးအပေါ် ရွှေဘုံသာလမ်းနှင့် ကုန်ဈေးတန်းအကြား မိုးရေများလျှံတက်မှုကို ဤသို့တွေ့ရသည်။**

## မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ

ကမ္ဘာ့ဒုတိယအမြင့်ဆုံး မိုးပျံအဆောက်အအုံ တိုကျိုမြို့၌ တည်ဆောက်ပြီးစီး စာ-၄



ဒူဘိုင်းမြို့တွင် ရေအောက်ဟိုတယ် တည်ဆောက်မည် စာ-၄



ဂျူဗင်တပ်စ်အသင်း ယခုနှစ် စီးရီးအေဖလားရရှိခြင်းမှာ စုစုပေါင်း (၂၈)ကြိမ်မြောက် ဆွတ်ခူးရရှိခြင်းဖြစ် စာ-၆



စာ-၈

မိုဘိုင်းဖုန်း Sim Card ပျက်စီးပါက အခမဲ့ ပြန်လည်လျှောက်ထားနိုင်